မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ ၂၀၀၈ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၉၄)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လွတ်လပ်သော နိုင်ငံသားများအဖြစ် တင့်တင့်တယ်တယ်ရပ်တည်

မြန်မာတို့သည် မျိုးရိုးဗီဇအားဖြင့် ဒို့ပြည်၊ ဒို့လူမျိုး၊ ဒို့မင်း၊ ဒို့အချုပ်အခြာအာဏာ၊ ဒို့စာပေ၊ ဒို့ယဉ်ကျေးမှု၊ ဒို့ရိုးရာဓလေ့ဟူ၍ အားရဂုဏ်ယူတတ်ကြသော ဇာတိမာန်စိတ်ဓာတ်၊ တက်ကြွပြင်းထန်သူများဖြစ်ကြသည့်အပြင် လွတ်လပ်သောနိုင်ငံသားများအဖြစ် ခေတ်အဆက်ဆက် တင့်တင့်တယ်တယ်ရပ်တည်ခဲ့ပြီး လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏အရသာကို ကောင်းစွာ သိရှိကြသောလူမျိုးဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

မြန်မာ့အလင်း နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို



❒ နွားကွဲလျှင် ကျားဆွဲတတ်သည်ဆိုသောစကားမှာ ယနေ့ကာလကဲ့သို့ ခေတ်သစ်အင်ပါယာ ထူထောင်ရန် ရူးသွပ်နေသူအချို့၏ လက်တွင်း၌ ကမ္ဘာ့အကြီးမားဆုံး စစ်အင်အားနှင့် နိုင်ငံရေးသြဇာတို့ တည်ရှိနေချိန်တွင် ပို၍အဓိပ္ပာယ်ဆောင်လျက်ရှိသည်။

လှိုင်အောင်၏ လွတ်လပ်ပြီ ဆိုရုံမျှဖြင့် ကျေနပ်မနေသင့်ပေ ဆောင်းပါး (စာ- ၈နှင့် ၉)

❒ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး (တံတား)ကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုမှတ်တမ်း

(စာ-၇)

❒ လွတ်လပ်ရေးသည် ဒို့အသက်

ကိုကျော်၏ ကဗျာ (စာ-၉)

❒ တည်ငြိမ်မှုကို လိုလားသည်

ရဲမင်းထက်၏ ကာတွန်း (စာ-၉)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနား တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၁

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသော ပြခန်းများ၊ ပညာရေးလက်တွေ့ဖွံ့ဖြိုးမှုပြကွက်များ၊ သိပ္ပံပစ္စည်းအလုပ်ရုံတွင် အဓိကအသုံးပြုသည့် စက်များ၊ လက်တွေ့ခန်းသုံးပစ္စည်းများ၊ ပြုစုထုတ်ဝေသောစာအုပ်များ၊ သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂ရက်)

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းစောင့်ရှောက် အဖျက်သမားများအန္တရာယ် ပူးပေါင်းကာကွယ်

မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နှစ်ပေါင်းထောင်ချီ၍ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ခမ်းနားထည်ဝါစွာ ရပ်တည်လာခဲ့သည်။

ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်မှုကြောင့် အတိတ်တစ်ချိန်က မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ဆိတ်သုဉ်းပျောက်ကွယ်ခဲ့ဖူးသည်။ သူ့ကျွန်မခံလိုသော ပြည်ထောင်စုဘွား တိုင်းရင်းသားများက စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်၊ ခိုင်မာသော မျိုးချစ်အားမာန်တို့ဖြင့် နယ်ချဲ့တို့အား ရှုပ်ရှုပ်ချွံချွံတွန်းလှန်တိုက်ဖျက်ကာ မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများ၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် ရယူခဲ့ရသော မြန်မာ့လွတ်လပ်ရေးသည် သက်တမ်းအားဖြင့် ၂၀၀၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နှစ်ပေါင်း(၆၀)ပြည့်မြောက်မည် ဖြစ်သည်။

အသက်ပေါင်းများစွာဖြင့် ရင်းနှီးရယူခဲ့ရသော ဤလွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက ပူးပေါင်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပေသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၊တပ်မတော်နှင့် ပြည်သူတို့၏ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ကြိုးပမ်း တည်ဆောက်လျက် ရှိသည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီးကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့သည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ရေးဆွဲနေပြီ ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အတွင်း ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အသီးအပွင့်များအား ကိုလိုနီလက်သစ်များနှင့် အဆိုးမြင်ဝါဒီ အဖျက်သမားများက ပျက်စီးရာပျက်စီးကြောင်းဖြစ်စေရန် တစိုက်မတ်မတ် ကြိုးပမ်းလုပ်ဆောင်လျက် ရှိသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ဘိုးဘွားအစဉ်အဆက်က ရယူတည်ဆောက်ပေးခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထာဝစဉ်မြတ်နိုးတန်ဖိုးထားပြီး ကာကွယ်စောင့်ရှောက်ရင်း ပြည်တွင်းပြည်ပအဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးခြင်းအန္တရာယ်မှ ပူးပေါင်းကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်း သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် အတွက် တောင်ဥက္ကလာပမြို့နယ် ၁၀ရပ်ကွက် မေတ္တာလမ်း အမှတ်၂၆၆နေ မိဘနှစ်ပါးအား ရည်စူး၍ သမီးဒေါ်တင်တင်မြ (၇၄)နှစ်ပြည့် မွေးနေ့အလှူ အဖြစ် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်က လက်ခံယူသည်။ **(အောက်ပုံ)**

အဆိုပါစောင်းတန်းတော်ကြီးတည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကရုံး ဖုန်း-၆၆၀၀၀၆နှင့် ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(က-ပ)**

လုပ်ငန်းဆောင်ရွက်မှုတိုင်း ဥပဒေနှင့်အညီဖြစ်ရန်လို
ရည်မှန်းချက်ပြည့်မီကျော်လွန်သည့် အခြေအနေတွင် တင်းတိမ်မနေဘဲ အောင်မြင်မှုပြည့်ဝမှန်ကန်စွာ ရရှိရေးကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဒီဇင်ဘာ ၃၁ ရက် နံနက်က ရန်ကုန်တိုင်း ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းအခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် အထက်အဆင့် အရာထမ်းများကို တွေ့ဆုံ အမှာစကားပြောကြားသည်။(အောက်ပုံ)

အခမ်းအနားတွင် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားစေရေးအတွက် အရေးပါသည့် ဌာနတစ်ခု ဖြစ်သဖြင့် ဌာနခွဲတာဝန်ခံများအပါအဝင် အရာထမ်း၊ အမှုထမ်းအားလုံး သည် နိုင်ငံတော်၏ရည်မှန်းချက်၊ ဦးတည်ချက်များကို နားလည်သဘောပေါက်ပြီး ရည်မှန်းချက်အောင်မြင်စေရေး အင်တိုက်အားတိုက် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေ၊ စည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်ရန် အထူးအရေးကြီးကြောင်း၊ ရည်မှန်းချက်ပြည့်မီကျော်လွန်သည်ဟူသည့် အခြေအနေတစ်ရပ်တွင် တင်းတိမ်ရောင့်ရဲမနေဘဲ ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာရရှိစေရေး အလေးထားကြိုးပမ်းကြရန်ဖြစ်ကြောင်း အကျယ်တဝင့်ပြောကြားခဲ့သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် ဌာနခွဲတာဝန်ခံ ညွှန်ကြားရေးမှူးများက ဌာနခွဲအလိုက် ဖွဲ့စည်းပုံ၊ လုပ်ငန်းလျာထားရည်မှန်းချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်တိုင်း အခွန်ဦးစီးဌာနမှူးရုံးနှင့် ကုမ္ပဏီဆိုင်ရာ အခွန်လုပ်ငန်းစုရုံးများသို့ ရောက်ရှိစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနခွဲတာဝန်ခံများက လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)တွင် ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အထွေထွေမန်နေဂျာများနှင့် ဘဏ်ခွဲတာဝန်ခံတို့၏ တင်ပြချက်များအပေါ် ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများ၏ လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျ မြန်ဆန်မှန်ကန်စွာ ဆောင်ရွက်စေရေး၊ ဆက်ဆံရေး ချိုသာပြေပြစ်စေရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၂-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေး တေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၀၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၉)
၆:၄၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၅၈)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ English Usage
၂၀။ ဗွီစီဒီကျော်ကြားတေးများ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေး လက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ) (အပိုင်း-၁၉)

အထက(၁)တာမွေ ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာကန်တော့ပွဲကို ဒီဇင်ဘာ၂၅ ရက်က ပင်လုံခန်းမ၌ ကျင်းပရာ ဆရာမကြီး ဒေါ်လှတင်အား ဂါရဝပြု လက်ဆောင် ပေးအပ်ကြစဉ်။ (က-ပ)

အနုပညာတင်ဆက်မှု ကြည့်ရှုအားပေး

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဂီတအနုပညာတင်ဆက်မှု အစီအစဉ်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှတာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နေပြည်တော် ပျဉ်းမနားခရိုင်နှင့် နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းတို့မှ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကဗျာလွတ်အကအဖွဲ့၊ မြန်မာ့ရိုးရာ သိုင်းသရုပ်ပြအဖွဲ့များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ၂၀၀၇-၂၀၀၈ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အားကစားရုံရှေ့၌ ကျင်းပရာ ထူးချွန်ထက်မြက် ကျောင်းသား ကျောင်းသူ ၁၄ဦးတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် အားကစားခန်းမအတွင်း၌ ခင်းကျင်းပြသထားသော ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုပြကွက်၊ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ သင်ကြားသင်ယူမှုပြကွက်၊ ပညာရေးဆိုင်ရာ စွမ်းဆောင်မှု မှတ်တမ်းပြကွက်၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုပြကွက်၊ အခြေခံပညာ ကျောင်းသား ကျောင်းသူများ၏ပန်းချီအနုပညာပြခန်း၊အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သိပ္ပံပစ္စည်း အလုပ်ရုံတွင် အဓိက အသုံးပြုသည့်စက်များ၊ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ကပြုလုပ်သော ပြန်ပြည့်မြဲစွမ်းအင်သုတေသန လုပ်ငန်းများ၊ ပညာရေးဝန်ကြီးဌာန သိပ္ပံပစ္စည်း အလုပ်ရုံက ထုတ်လုပ်သော အခြေခံပညာအဆင့်မှ တက္ကသိုလ်အဆင့်အထိ အသုံးပြုနိုင်သော လက်တွေ့ခန်းသုံးပစ္စည်းများ၊ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနက ပြသသော Cold Storage၊ တောင်ငူတက္ကသိုလ် ရူပဗေဒဌာနက ပြသသော Windmill၊ မြန်မာစာအဖွဲ့ဦးစီးဌာနက ပြုစုထုတ်ဝေသော စာအုပ်များ၊ အင်္ဂလိပ်ဘာသာနှင့် ဓာတုဗေဒဘာသာ သင်ထောက်ကူပစ္စည်းများ၊ အိုင်စီတီကို အခြေခံပညာကဏ္ဍတွင် အသုံးချခြင်းပြကွက်၊ ၂၀၀၇-၂၀၀၈ ထူးခြားကျောင်းသား ကျောင်းသူများ၊ ၂၀၀၇-၂၀၀၈ပညာသင်နှစ် ဂုဏ်ထူးဆောင်ကျောင်းသား ကျောင်းသူများ၊ ခေတ်အဆက်ဆက် စာတတ်မြောက်မှုနှုန်းများနှင့် ၂၀၀၇ ခုနှစ် ကျောင်းပြင်ပ ပညာရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ ပြကွက်များကိုလှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည်အားကစားခန်းမ၌ ကျင်းပသည့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ဂီတအနုပညာ တင်ဆက်မှု အစီအစဉ်များကို ကြည့်ရှုအားပေးကြသည်။

တင်ဆက်

ယင်းဂီတအနုပညာ တင်ဆက်မှု အစီအစဉ်များတွင် အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ကျောင်းသား ကျောင်းသူလေးများ၏ "စုံညီပွဲတော်တို့နွဲပျော်" တေးသီချင်း၊ အမှတ်(၃)အခြေခံပညာ ဦးစီးဌာနမှ ကျောင်းသား ကျောင်းသူလေးများ၏ "အောင်စေ ပိုင်စေ"အက၊ နေပြည်တော် အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ၏ "မြန်မာ့ကျောင်း" သီချင်း၊ အမှတ် (၃)အခြေခံပညာဦးစီး ဌာနအောက်ရှိအခြေခံပညာအထက်တန်း ကျောင်းများမှ ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ် အာရှလူငယ်ပြိုင်ပွဲများ၊ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ ၂၀၀၇ခုနှစ် ဟောင်ကောင် ဖိတ်ခေါ်ပြိုင်ပွဲများ၌ ရွှေတံဆိပ်နှင့် ကြေးတံဆိပ်ဆုများ ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူလေးများ၏ ကျန့်(ခေါ်) နှစ်ဖက်သွားဓားအုပ်စုလိုက်သရုပ်ပြကွက်၊ တွေလျန်ကျန့်(ခေါ်) နှစ်ယောက်အတိုက်ဓားသိုင်း၊ ဟုန်းကွန့်(ခေါ်)မျောက်တုတ်သိုင်း၊ နန်းသောင်း(ခေါ်)တောင်ပိုင်းဓားသိုင်း၊ တိထန်းချွမ်း(ခေါ်)မြေလူးသိုင်းနှင့် အကြားအာရုံချို့ယွင်းသူ ကျောင်းသူလေးများ၏ ထိုက်ကျိချွမ် ယပ်တောင်ယိမ်းတို့ဖြင့် တင်ဆက်ကြသည်။

အထိမ်းအမှတ်လက်ဆောင်

ဂီတအနုပညာတင်ဆက်မှု အပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးအားပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပညာရေးစုံညီပွဲတော်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်အား ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျင်းပမည်

၂၀၀၇-၂၀၀၈ပညာသင်နှစ် ပညာရေး စုံညီပွဲတော်ကို ဇန်နဝါရီ ၁ရက်မှ ၃ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဓမ္မဝါဒီ သီလရှင်စာသင်တိုက် ငွေရတုအကြိုတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁

အင်းစိန်ဓမ္မဝါဒီသီလရှင်စာသင်တိုက် ငွေရတုအကြိုနှင့် သဒ္ဓမ္မဇောတိကဓဇဘွဲ့ရ တိုက်အုပ်ဆရာကြီး ဒေါ်ဓမ္မသီဂီအား ဂုဏ်ပြုပူဇော်ပွဲအကြိုတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၃ ရက်တွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာ ကောဝိဒ၊ ၄ ရက်တွင် စစ်ကိုင်းသီတဂူဆရာတော် ဒေါက်တာဝေဠုရိယဉာဏ လင်္ကာရနှင့် ၅ ရက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ဆရာတော် အရှင်ဆေကိန္ဒတို့က ညစဉ် ၇ နာရီမှစ၍ ဓမ္မဝါဒီသီလရှင် စာသင်တိုက် ပိတောက်၂လမ်း မြို့သစ် (ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နှစ်ဦး ကံထူးရှင်

ရန်ကုန် ဇန်နဝါရီ ၁

ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ (၂၂၈) ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၅၀၀)

ဋ-၁၃၂၅၃၉

ကျပ်သိန်း(၃၀၀)ဆုများ

ဗ-၇၁၉၈၇၀	ဇ-၁၈၅၆၈၆

ကျပ်သိန်း(၂၀၀)ဆုများ

စ-၄၆၀၂၂၂	ဒ-၇၇၄၆၁၄
ပ-၅၁၅၈၆၇	ဇ-၄၉၂၈၂၈

ကျပ်သိန်း(၁၀၀)ဆုများ

ဝ-၉၆၂၃၉၆	ဍ-၆၃၇၇၁၁
ယ-၂၂၉၂၆၁	၎-၉၂၅၀၂၂
င-၈၉၄၂၆၃	ဖ-၃၉၈၁၄၆
ဘ-၃၃၃၆၆၆	၎-၉၈၁၀၉၆
အ-၈၁၇၁၀၉	ထ-၉၂၆၅၀၆
ယ-၉၃၉၀၉၄	၎-၁၄၃၄၂၆
ဆ-၈၆၀၆၅၇	ဒ-၉၀၆၆၅၉
၎-၂၆၈၅၁၂	ခ-၇၄၂၈၂၃
ဋ-၃၉၈၉၆၂	ဖ-၈၄၈၁၄၉

အဘိဓမ္မာခုနစ်ကျမ်း စာအောင်ဆုနှင်းသဘင်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ အကြိမ်(၄၀)မြောက် အဘိဓမ္မာခုနစ်ကျမ်း စာအောင်ဆုနှင်းသဘင်ကို (၁၃၆၉ ခုနှစ် ပြာသိုလဆန်း ၁၃ရက်) ဇန်နဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း အမှတ် ၄၉-၅၁ ရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

ကျပ်သိန်း(၁၀၀)ယူနစ်
(မင်္ဂလာစုံတွဲစနစ်)

စ-၂၉၇၆၅၅	ဈ-၅၅၄၀၆၄
၎-၂၃၀၉၇၆	ယ-၇၀၆၁၂၅
ရ-၁၉၃၆၇၃	ဋ-၄၆၈၇၄၇
ဋ-၁၆၄၇၄၂	မ-၆၃၉၃၉၄
ပ-၁၄၂၂၅၄	က-၉၀၁၉၃၀
ည-၈၈၄၀၃၂	က-၅၃၀၉၃၀
ဝ-၈၆၉၄၄၃	ဂ-၅၅၂၄၅၄
ဗ-၁၂၄၄၄	ဌ-၃၉၅၈၈၅
ရ-၂၂၉၀၉၄	

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁-၂၀၀၈ (ဗုဒ္ဓဟူးနေ့)
AM & PM

၇:၀၀ - ၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ - ၁:၀၅	**'တရားတစ်ပုဒ်၏တန်ဖိုး'** တရားတော် (ဆရာတော် အရှင်ခေမိန္ဒ)
၇:၅၅ - ၁:၅၅	INDUSTIAL TALK [ဒေါက်တာ မျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈၂၅ - ၂:၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၅၅ - ၂:၅၅	ကျောင်းသားလူငယ်နှင့် ကျန်းမာရေး (ဒေါက်တာ ခင်မောင်လွင်၊ ဒေါက်တာ အောင်ထွဏ်း)
၉၂၀ - ၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ - ၃:၂၀	တေးဂီတအစီအစဉ်
၉:၃၅ - ၃:၃၅	Midweek Sports News
၁၀:၀၅ - ၄:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀ - ၄:၁၀	တေးဂီတအစီအစဉ်
၁၀:၁၅ - ၄:၁၅	ဖွားချို [စံရှားတင်၊ ဝါးခယ်မရဲမောင်၊ ဒါရိုက်တာခင်ဇော် (ကေသီပန်)]
၁၀:၃၅ - ၄:၃၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀ - ၄:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅ - ၄:၄၅	လောင်စာစွမ်းအင်အတွက် အားထားရမည့် ခြံစည်းရိုးကြက်ဆူပင်များ
၁၁:၀၅ - ၅:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅ - ၅:၁၅	တေးဂီတအစီအစဉ်
၁၁:၂၀ - ၅:၂၀	HOTEL GUIDE "PARK ROYAL HOTEL"
၁၁:၅၅ - ၅:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀ - ၆:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၅ - ၆:၀၅	မူးယစ်ကင်းစင်လူ့ဘောင်တစ်ခွင် MANA ၏ ရည်မှန်းချက်ပန်းတိုင်အသွင် (ဒုတိယပိုင်း)
၁၂:၃၀ - ၆:၃၀	တေးဂီတအစီအစဉ်
၁၂:၃၅ - ၆:၃၅	International Video Topics"ထူးဆန်းထွေလာ ဒီကမ္ဘာကြီးမှာ"(အပိုင်း-၂)
၁:၀၀ - ၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Newcastle - Man City	ESPN (Live)
၂:၂၄	Liverpool - Wigan	STAR SPORTS (Live)
၄:၃၀	Blackbum - Sunderland	ESPN (SDD)
	Bolton - Derby	STAR SPORTS (SDD)

မြန်မာ့ရုပ်မြင်သံကြား

၂-၁-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၁၀	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၂၀	၇။	အဆိုပြိုင်ပွဲ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) [ဓာတုဗေဒ]
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅	၆။	မြန်မာစာ မြန်မာစကား
၁၇:၂၅	၇။	သီချင်းကြီးပဒေသာ
၁၇:၃၅	၈။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
၁၈:၅၀	၁၂။	**ဒီအိုတီအက်စ်** ဖိုးဖြူ၊ ကျော်ထူး၊ ခိုင်သင်းကြည်၊ ကြူကြူသင်း (ဒါရိုက်တာ-သိန်းဟန်)
၁၉:၀၀	၁၃။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၉:၂၀	၁၄။	ကြေးမုံရိပ်သွင် တေးနုယဉ်
၁၉:၃၅	၁၅။	နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၄၅	၁၆။	အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု **"ရွှေအားကစား ၂၀၀၇"**
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	Franz Hararay's Magic Planet
	၂၁။	ရုပ်မြင်သံကြားဇာတ်လမ်း **ရေပြင်ညီ** ရန်အောင်၊ ခိုင်သင်းကြည်၊ သစ္စာဝင့်ထယ်၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်)
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ်များရောင်းချမည်

ရန်ကုန် ဇန်နဝါရီ ၁

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာပို့တံဆိပ် ခေါင်းသစ် ၅၀ိ/-တန်နှင့် ၁၀၀ိ/-တန် နှစ်မျိုးကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၉နာရီခွဲမှ စတင်၍ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်ဆက်သွယ်ရေးစခန်း(စာတိုက်)များ၌ ရောင်းချမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် တံဆိပ်ခေါင်းဖျက် အထူးအမှတ်သား တံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

အခွန်လွတ်ဈေးသို့လည်းကောင်းရောက်ရှိပြီး အခွန်လွတ်ဈေးများအတွင်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်များ၊ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်နှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်တို့မှ ကိုယ်တိုင်ထုတ်လုပ်သူ လုပ်ငန်းရှင်များ၏ ကြက်သား၊ ကြက်ဥ၊ ငါးနှင့် ဟင်းသီးဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေး၊ ဘုရင့်နောင်ပွဲရုံ နယ်မြေမှ ကုန်ခြောက်အရောင်းဆိုင်များ၊မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီ အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စားဖိုဆောင်သုံး သီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ကြက်သွန်နီ၊ ကြက်သွန်ဖြူ အရောင်းဆိုင်များ၊ ပုဂ္ဂလိကများ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချိုရေငန် ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ ဟင်းသီးဟင်းရွက်၊ မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုတို့ကိုလှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အခွန်လွတ်ဈေးများအတွင်း တိုက်ရိုက်ရောင်းဝယ် ဖောက်ကားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ လိုက်လံရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး ရန်ကုန်မြို့နေပြည်သူများ ပိုမိုသက်သာချောင်ချိစွာ ဝယ်ယူနိုင်ရေးအတွက် တစ်ဆင့်ခံ ပြင်ပရောင်းဈေးများထက် ဈေးနှုန်းသက်သာစွာရောင်းချနိုင်ရေး၊ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်စွာ ရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က မျက်ခြည်မပြတ် ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရေး၊ စားသုံးသူများ အလွယ်တကူဝယ်ယူနိုင်ရေးအတွက် စားသုံးကုန်ပစ္စည်းအမယ်မျိုးစုံ ရောင်းချနိုင်ရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်ပေးရေး၊ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်နှင့် သားငါးများကို ပြည်သူများ တိုက်ရိုက်စားသုံးနိုင်ရန် ရောင်းချရေးတို့နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် စမ်းချောင်းမြို့နယ် ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအတွင်း၌ ဘုရင့်နောင်ပွဲရုံနယ်မြေမှ ထပ်မံတိုးချဲ့ဖွင့်လှစ်မည့် ကုန်ခြောက်အရောင်းဆိုင်ခန်းနှစ်ခန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

သထုံမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁

သထုံမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်အသင်းဝင်သားသမီးများ ဂုဏ်ပြုဆုပေးပွဲကို ဇန်နဝါရီ ၁၃ရက် နံနက် ၉နာရီတွင် ကိုးထပ်ကြီးဘုရား သန္တိသုခမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ အသင်း မဝင်ရသေးသူများ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်သားသမီးများ၊ နှစ်စဉ် ပညာရေးဆုရသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင် သားသမီးများစာရင်းကို ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း-၅၁၀၃၄၀၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊ အတွင်းရေးမှူး ဦးအောင်မြင့်လွင် ဖုန်း-၅၇၂၁၉၄၊ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ခင်မကြီးနှင့် နီးစပ်ရာအမှုဆောင်များထံ ဇန်နဝါရီ ၉ ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ကြပါရန်နှင့် မုန့်တီ၊ ထမင်းဝါဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရှိရပါသည်။ **(က-ပ)**

မုဒုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

မုဒုံမြို့နယ်အသင်း (ရန်ကုန်)၏ ဒသမအကြိမ် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၂၉ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်အနီးရှိ မော်လမြိုင် ဓမ္မာရုံ၌ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်

ဒသမအကြိမ် သက်ကြီးပူဇော်ပွဲ မုဒုံမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင် အသက်(၈၀)နှင့်အထက်ဘိုးဘွား ၆၅ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းနှင့် သီးသန့်အလှူရှင်များ၏ အလှူငွေ၊ အလှူပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ပညာရည်ချွန် ဆုပေးပွဲတွင် အသင်းဝင်များ၏ သားသမီးများဖြစ်ကြသော ဒေါက်တာဘွဲ့ရ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒဌာန ကထိက ဒေါက်တာ ဒေါ်လဲ့လဲ့အောင်အား ဂုဏ်ပြုမှတ်တမ်းလွှာကို လည်းကောင်း၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်များ ဖြစ်ကြသော အထက(၅)ကမာရွတ်မှ မနှင်းနွယ်ထူး**(အပေါ်ပုံ)**အား ငွေကျပ်နှစ်သိန်းနှင့် အထက(သုဝဏ္ဏ)မှ မဇင်လဲ့မွန်အား ငွေကျပ် ၁၅၀၀၀၀ ကို အလှူရှင် ဦးဂေါ်ရင်ဝှက်-ဒေါ်ကင်ဆိုင် ပညာရေးရန်ပုံငွေမှလည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရှင်သုံးဦးတို့အား ငွေကျပ်သုံးသောင်းစီနှင့် တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးအား ငွေကျပ်တစ်သောင်းဖြင့် အသင်းပညာရေးရန်ပုံငွေမှလည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ကြသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် ဒသမအကြိမ် နှစ်ပတ်လည်အစည်းအဝေးသို့ တင်သွင်းသည့် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို တင်ပြအတည်ပြုချက်ရယူပြီး ဥက္ကဋ္ဌဗိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း)နှင့် အတွင်းရေးမှူး ဦးအောင်လှထူးတို့ ပါဝင်သော အဖွဲ့ဝင် ၂၄ ဦးပါ အလုပ်အမှုဆောင် အဖွဲ့ကို ရွေးချယ်တင်မြှောက်ကြသည်။ **(က-ပ)**

အထကသုဝဏ္ဏမြတ်ဆရာပူဇော်ပွဲအလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်အရှေ့ပိုင်းခရိုင်သင်္ဃန်းကျွန်းမြို့နယ် အထကသုဝဏ္ဏ ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီက ကြီးမှူးကျင်းပသည့် ဆဋ္ဌမအကြိမ်မြတ်ဆရာပူဇော်ပွဲအတွက် ဒုတိယအကြိမ်အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက် ၁၁နာရီက ကွန်ပျူတာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြ၊ ကျောင်းအကျိုးတော် ဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်၊ လူမှုရေးထောက်ပံ့မှုကော်မတီ ဥက္ကဋ္ဌ ဦးလှတင်နှင့်အဖွဲ့ဝင်များ၊ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဦးကြည်ရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးမြင့်စိုး၊ ဒုတိယဗိုလ်မှူးကြီးစိုးမင်း၊ အတွင်းရေးမှူး ဦးချစ်မျိုးနှင့် ကျင်းပရေး ကော်မတီဝင်များ၊ အလှူရှင်ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

လက်ခံခဲ့

အခမ်းအနားတွင် ဒုတိယအကြိမ်မြောက် စုပေါင်းလှူဒါန်းငွေကျပ် ၁၅သိန်း ကို ဒုတိယဥက္ကဋ္ဌ(၁)ဦးမြင့်စိုးက ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဦးကြည်ရွှေက လက်ခံရယူပြီး ကျေးဇူးတင်လွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ဝဲပုံ)**

ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သီရိသုဝဏ္ဏပညာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အသက်(၆၀)ပြည့်ပြီးသူ အငြိမ်းစားဆရာ ဆရာမ၁၁၁ ဦးအား ဖိတ်ကြားထားသည်။

နှိုးဆော်

မိတ်ဆုံညစာစားပွဲကို အဆိုပါနေ့ ည၆နာရီတွင် သုဝဏ္ဏစကိတ်ကွင်းရှိ Eagle Garden Restaurant ၌ ကျင်းပမည်ဖြစ်ပြီး မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲသို့ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ကျင်းပရေး ကော်မတီက နှိုးဆော်ထားသည်။ **(က-ပ)**

အာကြီး၊ မန်ယူနှင့်ချယ်လ်ဆီးတို့ သုံးမှတ်အပြည့်ရကြသည့် ပွဲစဉ်(၂၁)

သတင်းမြင်ကွင်း - မောင်ချစ်ကြည်

လန်ဒန် ဇန်နဝါရီ ၁

၂၀၀၈နှစ်ဦးအကြိုကို ပရီမီယာလိဂ်ပွဲစဉ်(၂၁)ဖြင့် စဖွင့်ခဲ့ရာ ပထမဆုံးပွဲဦးထွက် အာကြီး၊ မန်ယူနှင့် ချယ်လ်ဆီးတို့နိုင်ပွဲများရရှိခဲ့ပြီး နှစ်သစ်ကို သုံးမှတ်ပြည့်ရင်မှာပိုက်ကာ နှုတ်ခွန်းဆက်နိုင်ခဲ့သည်။

မန်ယူနှင့်ဘာမင်ဂမ်

အိုးထရက်ဖို့ဒ်၌ တီဗက်ဇ်ကို တိုက်စစ်အထောင်ထားပြီး ၄း၅း၁ အခင်းအကျင်းဖြင့် ပွဲထွက်လာသည့် မန်ယူသည် ဘာမင်ဂမ်ကို ဂိုးပြတ်မသွင်းနိုင်ချေ။ စီရိုနယ်ဒို၊ နာနီ၊ အန်ဒါဆင်၊ ပတ်ချီဆန်နှင့် မိုက်ကယ်ကာရစ်တို့က ဘာမင်ဂမ်နောက်တန်းကို ထိုးဖောက်ဂိုးသွင်းရန်ကြိုးစားခဲ့ရာ ၂၅မိနစ်၌ စီရိုနယ်ဒိုဖန်တီးပေးမှုကြောင့် တီဗက်ဇ်ကမန်ယူအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဘာမင်ဂမ်အား ဂိုးပြတ်သွင်းနိုင်ရန် စီရိုနယ်ဒိုက ဘာမင်ဂမ်နောက်တန်းကို မနားတမ်းမွှေနှောက်ကစားခဲ့သည်။ စီရိုနယ်ဒို၏အပိုင်ဂိုးသွင်းမှုများကို ဘာမင်ဂမ်ဂိုးသမား ကာကွယ်နိုင်ခဲ့သဖြင့် မန်ယူပရိသတ် အားမလိုအားမရဖြစ်ခဲ့သည်။

တစ်ဂိုးတည်းသွင်းယူထားနိုင်သဖြင့် မန်ယူပရိသတ်များ ရင်ဖိုလျက်ရှိရာ မန်ယူတိုက်စစ်မှူးများ၏ ဂိုးသွင်းချက်များကလည်း အပေါ်ထွက် ဘေးထောင်ဖြစ်ခဲ့သဖြင့် ရတက်မအေးစရာ ဖြစ်ခဲ့ရသည်။

ဘာမင်ဂမ်တို့က ခံကစားခဲ့သဖြင့် မန်ယူတို့ ဂိုးထပ်မံမသွင်းနိုင်ဘဲရှိနေရာ ၇၁မိနစ်၌ တီဗက်ဇ်အစား ဆာဟာ၊ ပတ်ချီဆန်အစား ဟားဂရေ့ဗ်၊ အီဗရာအစား ဘရောင်းတို့ ထည့်သွင်း ကစားစေခဲ့သော်လည်း ဂိုးထပ်မသွင်းနိုင်ခဲ့သဖြင့် မန်ယူတို့ အိုးထရက်ဖို့ဒ်၌ တစ်ဂိုးနှင့်သာ ကျေနပ်ခဲ့ရပြီး ပရိသတ်ကို နှစ်သိမ့်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူနှင့်ဘာမင်ဂမ်တို့ပွဲတွင် မန်ယူတိုက်စစ်မှူး တီဗက်ဇ်(ဝဲ-စွန်) ဤသို့ ထိုးဖောက်ကစားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ဖူလ်ဟမ်နှင့် ချယ်လ်ဆီး

အဝေးကွင်း၌ ကာလူးကို တိုက်စစ်မြားဦးတစ်ဦးတည်းထားကာ ကွင်းလယ်၌ ရိုက်ဖီးလစ်၊ ဆစ်ဝဲလ်၊ အက်ဆီယံ၊ ဂျိုးကိုးလ်နှင့် မိုက်ကယ်ဘောလက်တို့ဖြင့် ပွဲထွက်လာသော ချယ်လ်ဆီးသည် ၅း၄း၁ အခင်းအကျင်းဖြင့် တုံ့ပြန်ခဲ့သော ဖူလ်ဟမ်၏ အဖွင့်ဂိုးသွင်းယူမှုကို စောစီးစွာခံခဲ့ရသည်။

ဖူလ်ဟမ်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၀မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် ကွင်းလယ်ကစားသမား မူရာဖီက သွင်းယူပေးခဲ့ရာ ချယ်လ်ဆီးပရိသတ်များ ပါးစပ်အဟောင်းသားဖြစ်ခဲ့ရသည်။ ချယ်လ်ဆီးတို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ထိုးဖောက်ကစားခဲ့သော်လည်း ပထမပိုင်းပွဲချိန်ပြီးသည်အထိ ချေပဂိုး ပြန်မသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်းပွဲချိန်၌ ဆစ်ဝဲလ်အစား ဂျွန်အိုဘီကို အစားထိုးကစားစေခဲ့ရာ တိုက်စစ်အားကောင်းလာခဲ့ပြီး ၅၄မိနစ်၌ တိုက်စစ်မှူးကာလူးက ချယ်လ်ဆီးအတွက် ချေပဂိုးသွင်းပေးနိုင်ခဲ့သည်။ ချယ်လ်ဆီးတို့ အားတင်ပြီး ဖိကစားခဲ့ရာ ၆၂မိနစ်၌ပယ်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့သည်။ ထိုပယ်နယ်တီပြစ်ဒဏ်ဘောကို မိုက်ကယ်ဘောလက်က ကန်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး ၂၀၀၈ခုနှစ်ကို နိုင်ပွဲဖြင့် စတင်ဝင်ရောက်နိုင်ခဲ့သည်။

ချယ်လ်ဆီးအတွက် အနိုင်ဂိုးကို မိုက်ကယ်ဘောလက်က ပယ်နယ်တီမှ တစ်ဆင့် ဖူလ်ဟမ်ဘက်သို့ ဤသို့ကန်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

အခြားပွဲရလဒ်များ

အာဆင်နယ်	၂	-	၀	ဝက်စ်ဟမ်း
မစ်ဒယ်ဘရော့	၀	-	၂	အဲဗာတန်
ရက်ဒင်း	၀	-	၂	ပို့စ်မောက်
စပါး	၁	-	၂	အက်စ်တွန်ဗီလာ

(အင်တာနက်)

မီးဘေးကာကွယ်ရေး လေ့ကျင့်ပညာပေး သရုပ်ပြပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မီးဘေးကာကွယ်ရေးလေ့ကျင့်ပညာပေး သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ နေပြည်တော် မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော် ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြသကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အစည်းအဝေးခန်းမ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်က မီးဘေးကြိုတင်ကာကွယ်ရန် လိုက်နာရမည့်အချက်များ၊ ကြိုတင်စစ်ဆေးရမည့် အချက်များ၊ မီးဘေးအန္တရာယ်ပေါ်ပေါက်လာပါက ရရာပစ္စည်းများဖြင့် အသုံးပြု မီးငြိမ်းမှု၊ မီးချိတ် မီးကပ်၊ မီးသတ်ဆေးဘူး၊ သဲတို့အား အသုံးပြု၍ မီးငြိမ်းသတ်ပုံ၊ မီးသတ်ဆေးဘူးအမျိုးမျိုးတို့၏ အာနိသင်နှင့် ထိရောက်စွာ အသုံးပြုပုံတို့ကို ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဟာစန္ဒာရုံ ဝိပဿနာဓမ္မရိပ်သာအတွင်း ဆရာတော်ကျောင်း၊ သိမ်အတွက် ငွေလှူဒါန်းခြင်း

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ်(၃) လမ်းဆုံနွယ်ခွေလမ်းနှင့် အမှတ် (၃)လမ်းမကြီးကြားရှိ မဟာစန္ဒာရုံဝိပဿနာ ဓမ္မရိပ်သာအတွင်း တည်ဆောက်မည့် ဆရာတော်ကျောင်းနှင့် သိမ်အတွက် မရမ်းကုန်းမြို့နယ် ၁၆အမှတ်(၁၀၇-ဘီ) ကျိုက်ဝိုင်းဘုရားလမ်းနေ ဦးစိုးတင့်-ဒေါ်မြကြည် မိသားစုများက ဒီဇင်ဘာ ၂၄ ရက်တွင် အလှူငွေကျပ် သိန်း ၃၂၀ တို့ကို ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ(ကမ္မဋ္ဌာနာစရိယ)ထံမှ သာဓုအနုမောဒနာ တရားနာကြားပြီး ရေစက်ချလှူဒါန်းသည်။ **(အပေါ်ပုံ)**

လှူဒါန်း

အထက်ပါ ရိပ်သာတွင် သိမ်၊ ဓမ္မာရုံ၊ ယောဂီဆောင်၊ ဘောဇနဆောင်နှင့် ဓမ္မကထိက ကျောင်းဆောင် လှူဒါန်းလိုသူများသည် ဆရာတော်ဖုန်း-၀၉-၅၁-၂၅၄၅၃ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျောက်တံတား စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

စာပေနှင့် စာနယ်ဇင်းအဖွဲ့ ကျောက်တံတားမြို့နယ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် အသက် ၇၅ နှစ် နှင့်အထက် သက်ကြီးစာပေပညာရှင် ဆရာကြီး၊ ဆရာမကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၉ နာရီက အထက ကျောက်တံတားအစည်းအဝေး ခန်းမဆောင်တွင် ကျင်းပရာ သဘာပတိ ကျောက်တံတားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိန်(ကျော်ကျော်)က အမှာစကားပြောကြားသည်။**(အောက်ပုံ)**

တက်ရောက်

အစည်းအဝေးသို့ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို)မှ အလုပ်အမှုဆောင် ဦးလှထွန်း(လှထွန်း-တွံတေး)၊ ဦးမောင်မောင်ဦး (ဟိန်းလတ်)နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သက်ကြီးစာပေပညာရှင် ၁၂ဦးအား ကန်တော့ငွေနှင့် ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ဖတ်ကြား

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အမှုဆောင် ဦးအောင်လွင် (အောင်ကျော်ဇော)က ဖတ်ကြားတင်သွင်းပြီး ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်တင်တင်လွမ်း(တင်ဇာမင်း)က ဖတ်ကြားတင်ပြပြီး အစည်းအဝေးက အတည်ပြုကြသည်။

(၁၂၃)

နိုင်ငံတော်စေတနာနှင့် ရည်မှန်းချက် မျက်ခြည်မပြတ်သိမြင် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲပြီး မျိုးချစ်စိတ်ဓာတ် ထက်မြက်သည့် သားကောင်းများ ဖြစ်လာစေရေး ပြုစုပျိုးထောင်ပေး

ရန်ကုန် ဇန်နဝါရီ ၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်း၊ စည်ပင်သာယာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်းနှင့် မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် တို့လိုက်ပါလျက် ရေစကြိုမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ရောက်ရှိပြီး ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်းများနှင့် အခြားသင်တန်း တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရေစကြိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာရာ ဒုတိယဝန်ကြီးအား အမှုဆောင်အရာရှိက ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော မြို့ပြ၊ ကျေးလက်လမ်းနှင့် ရေပေးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လမ်းနှင့် တံတားများ အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေး၊ နှစ်စဉ်ကတ္တရာလမ်းများ တိုးချဲ့ဆောင်ရွက်ရေးတို့ကိုမှာကြားပြီး မြို့ရေပေးရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပခုက္ကူမြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား အိပ်ဆောင်၊ စားရိပ်သာနှင့် ကျောင်းတွင်း ပတ်လမ်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဝန်ထမ်းများနှင့် ကျောင်းသားများအား တွေ့ဆုံပြီး ဒုတိယဝန်ကြီးက နိုင်ငံတော်မှရည်ရွယ်ချက်ကြီးမားစွာဖြင့် သင်တန်းကျောင်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်သဖြင့် နိုင်ငံတော်၏စေတနာနှင့် ရည်မှန်းချက်ကို မျက်ခြည်မပြတ်အောင် သိမြင်အောင် ကြိုးစားရေး၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲပြီး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သည့် နိုင်ငံတော်၏သားကောင်းများ ဖြစ်လာစေရေး၊ ပြုစုပျိုးထောင်ပေးရန် မှာကြားပြီး ဝန်ထမ်းများနှင့် ကျောင်းသားများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး ပခုက္ကူမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာခင်းနေမှုနှင့် မြကန်သာပန်းခြံတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က အမြွှာကလေးပြိုင်ပွဲဆုရ သုံးမြွှာပူးကလေးများအား ဆုချီးမြှင့်စဉ်။ (က-ပ)

မှုးယာစ်
ကာင်းခင်
အလှဆင်

သံလွင်နှင့် အတ္ထရံမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ရန်ကုန် ဇန်နဝါရီ ၁

မွန်ပြည်နယ် မော်လမြိုင်ခရိုင်အတွင်း ၂၀၀၇-၂၀၀၈ခုနှစ်တွင် သဘာဝရေပြင်၌ ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သံလွင်မြစ်နှင့် အတ္ထရံမြစ်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို ဒီဇင်ဘာ ၂၆ ရက်က နှစ်နေရာခွဲ၍ တစ်ပြိုင်တည်း ကျင်းပရာ ရှေးဦးစွာ သံလွင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်သည့်ပွဲကို မော်လမြိုင်မြို့ ဟိုးလ်ဒင်းလီမိတက် အအေးခန်းစက်ရုံအနီးရှိ ရေဆင်းတံတား၌ကျင်းပပြီး မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူးနှင့် မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက တပျော်တပါး ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် အတ္ထရံမြစ် အတွင်းသို့လည်း ငါးမျိုးများကို စုပေါင်း၍ စိုက်ထည့်ပေးကြသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ ၂၅ ရက်ကကျောက်တန်းမြို့ ကမ်းနားလမ်းနေ မောင်သန်းနိုင်-မဆွေဇင်နွယ် (တက်လမ်း လက်ဖက်ရည်ဆိုင်)တို့၏ မင်္ဂလာဦး အလှူအဖြစ်ကျောက်တန်းဘိုးဘွားရိပ်သာသို့ အလှူငွေကျပ်၁၀သိန်းပေးအပ် လှူဒါန်းရာ ကျောက်တန်းဘိုး ဘွား ရိပ် သာ ပြုစု စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလှရွှေက လက်ခံစဉ်။ (၁၁၅)

ရန်ကုန်တိုင်းအင်း လျား လမ်းအမှတ် (၆၈/C) နေ ဒေါ်သဇင်ကျော်ထွန်း၏ မွေးနေ့ အလှူမင်္ဂလာအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို တိပိဋကကျောင်းအနုနာယက ဆရာတော် ဦးနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မဟာဗောဓိစေတီ မနောရမသိမ်ကျောင်းအတွက် ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားအနီးရှိ ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမလေးထပ်သိမ်ကျောင်းတော်ကြီးအတွက် ဦးကြည်ယာ၊ ဦးဝင်းနိုင်၊ ဦးမောင်မောင်တို့အား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်တင့် အနောက်ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်က အလှူငွေကျပ်နှစ်သိန်းကို ပဓာနဆရာတော် ဘဒ္ဒန္တနန္ဒိယထံ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

မဟာဗောဓိစေတီ မနောရမ လေးထပ်သိမ်ကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကုသိုလ်ပါဝင် လှူဒါန်းလိုသူများသည် ဆရာတော် ဘဒ္ဒန္တနန္ဒိယ ဖုန်း-၀၁-၅၄၀၀၁၉ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ညောင်လေးပင်မြို့နယ် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယ

ရန်ကုန် ဇန်နဝါရီ ၁

ပဲခူးတိုင်း ညောင်လေးပင်မြို့ (၈၁)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်ကြီးအား ယခုနှစ်တွင်လည်း ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

လှည့်လည်ပူဇော်

နှစ်ကျိပ်ရှစ်ဆူ ဒေသစာရီ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဇန်နဝါရီ ၈ ရက်မှ ၁၁ ရက်အထိ အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲဖြင့်လည်းကောင်း၊ ၁၄ ရက်ည ၇နာရီတွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၊ ၁၅ ရက်တွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ ၁၆ ရက်တွင် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ၊ ၁၇ ရက်တွင် ဓမ္မဘေရီ အရှင်ဝိရိယ (တောင်ငူစွန်း)၊ ၁၈ ရက်တွင် ရန်ကုန်အိမ်တော်ရာ အရှင်သုဒဿနတို့က တရားရေအေးများ တိုက်ကျွေးမည်ဖြစ်ပြီး ဇန်နဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ နှစ်ကျိပ်ရှစ်ဆူမြတ်စွာ ဘုရားများ မြို့ပေါ်ရပ်ကွက်လမ်း အသီးသီးသို့ ဒေသစာရီ လှည့်လည်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(၁၃၄)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ဖွင့်လှစ်သောအရန်မီးသတ်၊ကြက်ခြေနီနှင့် စွမ်းအားရှင်များအား ယာဉ်စည်းကမ်း လမ်းစည်းကမ်း သင်တန်းအမှတ်စဉ် (၃/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်း လသာမြို့နယ် အထက(၁) ခန်းမ၌ကျင်းပရာ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဒုတိယ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးတက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ပြောကြား

ရှေးဦးစွာ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌက အမှာစကား ပြောကြားရာတွင် ရန်ကုန်မြို့တော်သည် စီးပွားရေးမြို့တော်ဖြစ်သည့်အပြင် လူဦးရေ၊ ယာဉ်စီးရေအများဆုံးရှိသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ယာဉ်စီးရေ လူဦးရေ တိုးတက်များပြားလာမှုကြောင့် ယာဉ်မတော်တဆမှုများလည်း များပြားလာခဲ့ကြောင်း၊ ယာဉ်မတော်တဆမှုတွေ လျော့နည်းပပျောက်စေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့တွင်းသွားလာလျက်ရှိသည့် ခြေကျင်ခရီးသွားပြည်သူများအနေဖြင့် လူကူးမျဉ်းကျားများမှ စနစ်တကျသွားလာစေရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသာမကဘဲ အရန်မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ဆောင်ရွက်နိုင်ရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်း ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ ပြည်သူများပါဝင်သည့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယာဉ်မောင်းသူများ၊ ခြေကျင်လမ်း အသုံးပြုသူများအား ယာဉ်စည်းကမ်း လမ်းစည်းကမ်းများလိုက်နာစေရေးအတွက် သင်တန်းသားများမှတစ်ဆင့် တစ်ထောင့်တစ်နေရာမှ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးရန် ပြောကြားလိုကြောင်း ပြောကြားသည်။

(မြန်မာ့အလင်း)

ဒီဇင်ဘာ ၃၀ ရက်က နေပြည်တော် ပျဉ်းမနားမြို့နေ ဦးမောင်ရီ(မန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)နှင့် ဇနီး ဒေါ်မြမြစန်းမိသားစုတို့က သဃ်န်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် ရှေးဟောင်း သမိုင်းဝင် ကျိုက်ဒေးယျုံ (ရန်ကုန်) အာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်ပြည့်ကျောက်ပြားကပ်လှူရန်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပက အဖွဲ့ဥက္ကဋ္ဌ ဦးစံလှနှင့်အတွင်းရေးမှူး ဦးကိုလေးတို့က လက်ခံယူစဉ်။ (က-ပ)

သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်) အထူးတရားစခန်းပွဲများ

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်) သာသနဓဇဓမ္မာစရိယ ဂဏဝါစက ဓမ္မာစရိယသည် ပြာသိုလပြည့်ကျော် ၃ ရက်မှ ၉ ရက်အထိ ရွာတန်းရှည်ရွာ ကြာအင်းအုပ်စု ထန်းတပင်မြို့နယ်၌လည်းကောင်း၊ ပြာသိုလပြည့်ကျော် ၁၃ ရက်မှ တပို့တွဲလဆန်း ၅ ရက်အထိ အဖွဲ့ခွဲ (၃၀၂)အောင်သိဒ္ဓိကျောင်း မဲပလီကျေးရွာ ထန်းတပင်မြို့နယ် ရန်ကုန်တိုင်း၌ လည်းကောင်း၊ တပို့တွဲလပြည့်ကျော် ၉ ရက်မှ လပြည့်ကျော် ၁ ရက်အထိ မွေတော်ကျေးရွာ မြောင်းမြမြို့နယ်၌လည်းကောင်း၊ တပို့တွဲလပြည့်ကျော် ၅ ရက်မှ ၁၁ရက်အထိ ရေကျော်ကျေးရွာ ဓမ္မိကာရာမ ပိဋကတ်ကျောင်း ဟိုင်းကြီးကျွန်းမြို့ ဧရာဝတီတိုင်း၌ လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နိဗ္ဗာန်လမ်းပြတရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဇန်နဝါရီ ၂ ရက်ညတွင် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သံသုမာလမ်းနှင့် ကမာကြည်လမ်းထောင့် တရားမဏ္ဍပ်၊ ၄၊ ၅၊ ၆ ရက်ညများတွင် အင်းစိန်မြို့နယ် အင်းစိန် မြို့သစ် က/၆ လမ်းတရားမဏ္ဍပ်၊ ၇ ရက် ညတွင် မင်္ဂလာတောင်ညွန့်မြို့နယ် မလွကုန်းမီးရထားရပ်ကွက် ဓမ္မရက္ခိတဓမ္မာရုံ ကျောင်း(ဆည်းဆာပွဲ)၊ ယင်းနေ့ ည ၈ နာရီတွင် သာကေတမြို့နယ် ၃ ရပ်ကွက် မာန်ပြေလမ်းမကြီး မာရဝိဇယဓမ္မာရုံ၊ ၈၊ ၉၊ ၁၀ ရက်ညများတွင် မော်လမြိုင်ကျွန်းမြို့နယ် ရေကျော်ကျေးရွာ၊ ၁၂ ရက်ညတွင် လှည်းကူးမြို့ ရန်ကင်း ၁ လမ်း (၁၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ၁၄ ရက်ညတွင် အလုံမြို့နယ် နွယ်သာကီလမ်း ဆွမ်းအောင်ပွဲတရားမဏ္ဍပ်၊ ၁၆ ရက်ညတွင် ဗိုလ်တထောင်မြို့နယ် (၃)ရပ်ကွက် စန္ဒကူးလမ်း ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့၊ ၁၇ ရက်ညတွင် စမ်းချောင်းမြို့နယ် ဟုမ်းလမ်းရပ်ကွက် ပန်းလှိုင်အရဏ်တော် ဝတ်အသင်းဓမ္မာရုံ၊ ၁၈ ရက် ညတွင် လသာမြို့နယ် ၁၇ လမ်း(အောက်လမ်း)၊ ၁၉ ရက်ညတွင် သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် တပင်ရွှေထီးလမ်း၊ ၂၀ ရက်ညတွင် အင်းစိန်မြို့နယ် အင်းစိန်ကွက်သစ်ရပ်ကွက် မာလာရာမကျောင်းတိုက် ဗုဒ္ဓပူဇနိယပွဲတို့တွင် နိဗ္ဗာန်လမ်းပြတရားတော်များ ဟောကြားတော်မူမည်ဖြစ်ရာ ဖုန်း-၀၁-၂၂၄၆၈၁၊ ၀၉-၅၁-၁၈၅၃၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အခွန်ဆိုင်ရာ သိကောင်းစရာရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၁

မြေ၊ အိမ်၊ အဆောက်အအုံအစရှိသည့် ပစ္စည်းများ ဝယ်ယူတည်ဆောက် ပြုပြင်မှုများအပေါ် သက်သာသည့် အခွန်နှုန်းဖြင့် အခွန်စည်းကြပ် ကောက်ခံမှုဆိုင်ရာ သိကောင်းစရာအချက်များ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ ရက်က ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ စစ်ကိုင်းတိုင်း အခွန်ဦးစီးဌာနမှူး ဦးသောင်းအေးက အခွန်စည်းကြပ် ကောက်ခံမှုဆိုင်ရာ သိကောင်းစရာအချက်များကို ရှင်းလင်းဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

လှူဒါန်း

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသော ကမ္ဘာ့ဝိပဿနာ စေတီတော်မြတ်ကြီးအတွက် လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာလမ်း အခန်း ၁၂ နေ ဦးစိုင်းကျော်မင်း-ဒေါ်ယဉ်ယဉ်ဝင်း မိသားစုက တန်ဖိုးငွေကျပ် ခြောက်သိန်းရှိ ကမ္ဘာလုံးပုံလက်စွပ်နှင့် နီလာရွှေလက်စွပ်တို့ကို လှူဒါန်းစဉ်။

(က-ပ)

ခရီးသွားပြည်သူများ အချိန်တိုအတွင်း လုံခြုံချောမွေ့ စိတ်ချမ်းမြေ့စွာ သွားလာနိုင်မည့် အရှည် ၄၆၉ ပေ၊ အကျယ် ၁၃ ပေရှိ ဧရာဝတီတိုင်း မြန်အောင်မြို့နယ်ရှိ ဖားတစ်ရှည်း တံတားပေါ်မှ ရထားဖြတ်သန်းခုတ်မောင်းလာစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အကြို ဂုဏ်ပြု

မကွေးတိုင်း စလင်းမြို့နယ်ရှိ စလင်းချောင်းတံတားကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နိုင်ငံတော် အမှတ်စဉ်	တံတားအမည်	တည်နေရာ	အရှည်ပေ	ဖွင့်လှစ်နေ့
၂၀၁	ဗားရ်တံတား	ချင်းပြည်နယ် ဖလမ်းမြို့နယ်	၃၄၀	၁၂-၂-၂၀၀၇
၂၀၂	မဲဇာချောင်း(ဒိုးပင်ရွာ)	စစ်ကိုင်းတိုင်း ထီးချိုင့်မြို့နယ်	၂၆၀	၁၀-၃-၂၀၀၇
၂၀၃	ဖျာပုံတံတား	ဧရာဝတီတိုင်း ဖျာပုံမြို့နယ်	၃၉၉၃	၂၀-၃-၂၀၀၇
၂၀၄	ဖားတစ်ရှည်းတံတား	ဧရာဝတီတိုင်း မြန်အောင်မြို့နယ်	၄၆၉	၂၅-၃-၂၀၀၇
၂၀၅	ငမိုးရိပ်တံတား(ကမာကြည်)	ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်	၉၇၀	၂၈-၄-၂၀၀၇
၂၀၆	ပိုင်ကျုံတံတား	ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်	၁၁၇၀	၁-၆-၂၀၀၇
၂၀၇	ဟံဂံတံတား	တနင်္သာရီတိုင်း ရေးမြို့နယ်	၂၀၀	၆-၆-၂၀၀၇
၂၀၈	စလင်းချောင်းတံတား	မကွေးတိုင်း စလင်းမြို့နယ်	၂၃၀	၆-၆-၂၀၀၇
၂၀၉	ဒွန်ဘန်တံတား	ကချင်ပြည်နယ် ဖားကန့်မြို့နယ်	၂၁၆	၁၈-၇-၂၀၀၇
၂၁၀	ဒဂုံတံတား	ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်	၄၅၄၀	၂၇-၁၀-၂၀၀၇
၂၁၁	မိုင်းပွန်တံတား	ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်	၂၀၈	၂၁-၁၁-၂၀၀၇

ဖားကန့်မြို့နယ်ရှိ ဒွန်ဘန်တံတား

ကချင်ပြည်နယ် အတွင်းရှိ ဒေသခံပြည်သူများ သွားလာမှု လွယ်ကူစေရန် တည်ဆောက်ပေးထားသည့် ဖားကန့်မြို့နယ်ရှိ ဒွန်ဘန်တံတားကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

၂၀၀၇ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်ရေး(တံတား)ကဏ္ဍ တိုးတက်ဖြစ်ထွန်းမှု မှတ်တမ်း

သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏနှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ် တည်ဆောက်ထားသည့် ငမိုးရိပ်တံတား(ကမာကြည်)ကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

လွတ်လပ်ပြီ ဆိုရုံမျှဖြင့် ကျေနပ်မနေသင့်ပေ



မြန်မာ့လွတ်လပ်ရေးသည် သက်တမ်းအနှစ်ခြောက်ဆယ်ပြည့်ခဲ့လေပြီ။ နိုင်ငံနှင့်ချီလျှင် သက်တမ်းနှစ်ခြောက်ဆယ်ဆိုသည်မှာ များစွာ ကြာမြင့်လှပြီဟု မဆိုနိုင်သော်လည်း လူတို့သက်တမ်းဖြင့် တွက်ဆနှိုင်းစာကြည့်လျှင်မူ အတန်အသင့် အသက်ရလာပြီဟု ဆိုနိုင်သည်။ လွတ်လပ်ရေးရသည့်အချိန်က မွေးဖွားခဲ့သူပင်လျှင် အသက် (၆၀) ပြည့်၍ တတိယအရွယ် အဘိုးဘဝသို့ ရောက်နေပြီဖြစ်၏။ လွတ်လပ်ရေး အနှစ်ခြောက်ဆယ်မှတ်တိုင်မှ နောက်ပြန်လှည့်ကြည့်လျှင် မိမိတို့ မည်မျှတာဝန်ကျေခဲ့ပြီနည်း စဉ်းစားသင့်၏။

နိုင်ငံတစ်ခု လွတ်လပ်ရေးရ၍ နိုင်ငံသစ်ထူထောင်သည်ဆိုခြင်းမှာ သူတစ်ပါးအိမ်တွင် အဖီချ၍ ကပ်ရပ်နေခဲ့ရသည့် ဘဝမှ ကိုယ်ပိုင်ခြံမြေကွက်တွင် ကိုယ့်အိုး ကိုယ့်အိမ် စတင် ထူထောင် တည်ဆောက်ရသည်နှင့် တူလှသည်။

ပထမဆုံးအဆင့်မှာ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင် ရှင်းလင်း မြေညှိ ခြံစည်းရိုးခတ်ရခြင်းပင်ဖြစ်၏။ အလားတူ နိုင်ငံသစ်တစ်ခု စတင်ထူထောင်ပြီဆိုလျှင် နယ်မြေများကို စုစည်းရသည်။ နယ်နိမိတ်များကို သတ်မှတ်ရသည်။ မိမိတို့နိုင်ငံအတွင်း အေးအတူ ပူအမျှ အတူတကွ နေထိုင်သွားကြရမည့် တိုင်းရင်းသားများကို စည်းရုံးစုစည်းရသည်။ "Territorial Integration and National Consolidation" အဆင့်ပင်ဖြစ်၏။ ဤအဆင့်တွင်ပင်များစွာသော စိန်ခေါ်မှုများ၊ အခက်အခဲများကို လွတ်လပ်စနိုင်ငံများ ရင်ဆိုင်ရတတ်သည်။ ဥပမာ ဗြိတိသျှကိုလိုနီအောက်မှ လွတ်မြောက်စအိန္ဒိယနှင့် ပါကစ္စတန်အကြား ကက်ရှ်မီးယားပြဿနာမှ အစပြုသည့် နယ်မြေပိုင်ဆိုင်မှုပဋိပက္ခမှ စစ်မီးဖြစ်ပွားခဲ့ကြရသည်။ နိုင်ငံအချို့မှာ စလယ်ဝင်ဖင်မမည်းခင်ကပင် စစ်အေးတိုက်ပွဲ ပယောဂကြောင့် နှစ်ရှည်လများ နိုင်ငံနှစ်ပိုင်း ကွဲကြရပြန်သည်။ ဥပမာ–ဗီယက်နမ်နိုင်ငံသည် ၁၉၅၇ ခုနှစ် ဂျီနီဗာသဘောတူညီချက်နောက်ပိုင်း ၁၇မျဉ်းပြိုင်၏ တောင်ပိုင်းနှင့် မြောက်ပိုင်းဟူ၍ နှစ်ပိုင်းကွဲခဲ့ရာ ၁၉၇၅ခုနှစ် ဗီယက်နမ်စစ်ပွဲပြီးမှ ပေါင်းစည်းနိုင်ခဲ့သည်။

နယ်မြေစုစည်းမှုလုပ်ငန်း ပြီးစီးသည့်တိုင်အောင် လုပ်ငန်းက မပြီးသေး။ ခြံစည်းရိုးခတ်၊ ခြံရှင်းပြီးလျှင် အိမ်ကို အုတ်မြစ်ချ တိုင်ထူကာ စတင်ဆောက်လုပ်ရသကဲ့သို့ နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားတည်ဆောက်ရေး "State Building and Nation Building" လုပ်ငန်းများကို အားထည့်လုပ်ကိုင်ရပြန်သည်။ ဤတွင်လည်း အခက်အခဲများက ရှိသည်သာပင်။

အိမ်ဆောက်ပြီဆိုသည်နှင့် လူညီဖို့လိုသည်။ ငွေရှိဖို့လိုသည်။ အချို့နိုင်ငံများတွင် လူမညီသောကြောင့် ပြည်တွင်းစစ်၊ ပြည်တွင်းသောင်းကျန်းမှုများနှင့် ရင်ဆိုင်ရကာ နိုင်ငံတည်ဆောက်သော အဆင့်ကို မရောက်နိုင်ဘဲရှိနေရတတ်သည်။ ၁၉၅၇ခုနှစ်တွင် ဗြိတိသျှတို့ထံမှလွတ်လပ်ရေးရခဲ့သည့် မလေးရှားနိုင်ငံမှာ ကွန်မြူနစ်သောင်းကျန်းမှုအန္တရာယ်၊ လူမျိုးရေးပဋိပက္ခများ စသည့် အခက်အခဲပြဿနာများကြောင့် ၁၉၇၀ ပြည့်လွန်နှစ်များတွင်ကျမှ နိုင်ငံထူထောင်ရေးကို အားစိုက်လုပ်ဆောင်နိုင်ခဲ့သည်။ အချို့နိုင်ငံများမှာ လွတ်လပ်ရေးကို မလွဲသာ၍ ယူလိုက်ရသော်လည်း ငွေမရှိ၊ သယံဇာတမရှိ၍ အခက်ကြုံခဲ့ကြရသည်။ ၁၉၆၅ခုနှစ်တွင် စင်ကာပူ လွတ်လပ်ရေးရစဉ်က ငွေမရှိ၊ ကာကွယ်ရေးအင်အားဟူ၍ စစ်သား တစ်ယောက်ပင်မရှိ၊ လူထုအများစုမှာလည်း သင်္ဘောကြီးကူလီ သာသာမျှ အဆင့်ရှိသဖြင့် နိုင်ငံရှေ့ရေးကို တွေးတော စိတ်ပူကာ မျက်ရည်ပင်ကျခဲ့ရသည်ဟု စင်ကာပူနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်လီကွမ်ယူက သူ၏ အမှတ်တရစာအုပ်တွင် ရေးသားထားသည်။

စင်စစ်၌ နိုင်ငံစတင်ထူထောင်ရသည့်အချိန်မှ နိုင်ငံတကာတွင် ရင်ပေါင်တန်းနိုင်သည့် အဆင့်မီနိုင်ငံတစ်ခုဖြစ်လာသည်အထိ ခရီးလမ်းတစ်လျှောက်မှာ မည်သည့်နိုင်ငံမျှ ပန်းခင်းသောလမ်းကဲ့သို့ လျှောက်လှမ်းနိုင်ခဲ့ကြသည် မဟုတ်ပေ။ အချို့နိုင်ငံများမှာ စမ်းတဝါးဝါးဖြင့် လမ်းမှား လမ်းပျောက်သွားခဲ့ကြသည်။ အချို့မှာ လေ့လော့်ရင်း တက်ကျိုးကာ တိုင်းပြည်ပါ ပျက်သွားခဲ့ကြရသည်။ အချင်းချင်း မညီညွတ်၍ ပြည်တွင်းစစ် နှစ်ရှည်ဖြစ်ခဲ့ကြရာမှ ပြည်ပပယောဂပါဝင်လာပြီး ကုရာနတ္ထိဆေးမရှိ ဖြစ်နေသော ဆိုမာလီယာကဲ့သို့နိုင်ငံများ၊ ဆူဒန်နိုင်ငံမှဒါဖာဒေသကဲ့သို့ အနိဋ္ဌာရုံများကို တွေ့မြင်ကြားသိရသောအခါ မြန်မာနိုင်ငံလွတ်လပ်ရေးရစ ရန်ကုန်အစိုးရခေတ် အစိုးရအာဏာစက်သည်သမိုင်းလမ်းဆုံဟိုမှာဘက်သို့ပင် မသက်ရောက်နိုင်ခဲ့သော ကာလများကို မြင်ယောင်မိသည်။

အချို့နိုင်ငံများမှာမူ မခေါ်မပင့်ဘဲ အခမ့်ဝင်ရောက်လာသော တိုင်းတစ်ပါးတပ်များ၏ ကျူးကျော်သိမ်းပိုက်ထားမှုအောက်တွင် လုံခြုံရေးလည်း မတည်ဆောက်နိုင်၊ နိုင်ငံထူထောင်ရေးလည်း မဆောင်ရွက်နိုင်ဖြစ်ကာ ရွှေရည်စိမ်လွတ်လပ်ရေးအတုနှင့် ရုပ်သေးအစိုးရတို့ဖြင့် မရှုနိုင်၊မကယ်နိုင်ဖြစ်နေရသည်။ ကိုယ့်နယ်၊ ကိုယ့်အိမ်မှာနေထိုင်ရင်း တိုင်းတစ်ပါးသားတို့ ထင်သလို ဖုံးကြဲ ပစ်ခတ်တိုက်ခိုက်မှုတို့ကြောင့် အဓိပ္ပာယ်မဲ့စွာ အသက်ဆုံးပါး သွားခဲ့ကြရသည့် ဖြစ်ရပ်များကိုပင် အရေးယူရန် မဆိုထားဘိ၊ ပြင်းပြင်းထန်ထန်ပင် မပြောဝံ့ကြရှာသည့် နိုင်ငံအချို့တို့၏ အခြေအနေကို တွေ့မြင်ရသောအခါ မြန်မာနိုင်ငံ၌ ဖက်ဆစ်ဂျပန် ပေးခဲ့သည့် ရွှေရည်စိမ် လွတ်လပ်ရေးနှင့် ဒေါက်တာဗမော် အဓိပတိအဖြစ်တာဝန်ယူခဲ့သည့် ဂျပန်ခေတ် ရုပ်သေးအစိုးရကို သတိရမိသည်။

လှိုင်အောင်

နွားကွဲလျှင် ကျားဆွဲတတ်သည်ဆိုသောစကားမှာ ယနေ့ကာလကဲ့သို့ ခေတ်သစ်အင်ပါယာထူထောင်ရန် ရူးသွပ်နေသူအချို့၏ လက်တွင်း၌ ကမ္ဘာ့အကြီးမားဆုံး စစ်အင်အားနှင့် နိုင်ငံရေးဩဇာတို့တည်ရှိနေချိန်တွင် ပို၍အဓိပ္ပာယ်ဆောင်လျက်ရှိသည်။ ယနေ့ ခေတ်မှာ သူ့အလိုအလျောက် မကွဲလျှင်ပင် တမင်ဝင်၍ သပ်လျှိုဖြိုခွဲသောခေတ်၊ ခွဲ၍မရလျှင် စစ်အင်အားသုံး၍ အဏုမြူပုံးဖြင့်ပင် ခြိမ်းခြောက်ရန် ဝန်မလေးသောခေတ်ဖြစ်နေသည်။ တတိယ ကမ္ဘာစစ်ဆိုသော စကားကိုပင် လက်လွတ်စပယ် ပြောဆိုလာနေသည့် ခေတ်ဖြစ်သည်။ နိုင်ငံတကာ ဥပဒေနှင့် နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာဆိုသည်ကို ဟင်းရွက် ကန်စွန်းမျှပင် အလေးမထား အင်အားကိုသာ အမှန်တရားအဖြစ် ကိုးကွယ်ဆည်းကပ်သည့် ခေတ်ဖြစ်နေသည်။

အင်အားနိုင်ငံရေးခေတ်ကြီးတွင် ကိုယ်ပိုင် အင်အားရှိမှသာ ကိုယ့်နိုင်ငံ လွတ်လပ်ရေးကို ကိုယ်တိုင်ကာကွယ်နိုင်မည်ဖြစ်သည်။ တိုင်းချစ် ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ညီညွတ်မှုတို့သည်သာ ကိုယ်ပိုင်အင်အားကို တည်ဆောက်နိုင်မည့် အကြောင်းတရား ဖြစ်သည်။ ထို့မျှမက ကမ္ဘာ့နိုင်ငံများနှင့် ခေတ်မီရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုး တိုးတက်သောနိုင်ငံ တည်ဆောက်နိုင်ရေးအတွက်လည်း အဓိက မောင်းနှင်အားဖြစ်သည်။

အချင်းချင်းမညီညွတ်မှု၊ ဆူပူအုံကြွမှုနှင့် ပဋိပက္ခများဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို တည်ဆောက်၍ မရနိုင်ပါ။ စည်းလုံး ညီညွတ်မှု၊ မျိုးချစ်စိတ်ဓာတ်၊ ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံကြိုးပမ်းမှု၊ ခြိုးခြံချွေတာ စုဆောင်းမှု၊ အလုပ်ကြိုးစားမှု၊ စည်းကမ်းရှိမှု၊ ဥပဒေကို လေးစားလိုက်နာမှုတို့ဖြင့်သာ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

လွတ်လပ်ရေးရသည်မှာ နှစ်ပေါင်းခြောက်ဆယ် ရှိခဲ့ပါပြီ။ ၁၈၂၄ ခုနှစ် ပထမအင်္ဂလိပ်–မြန်မာ စစ်ပွဲမှစ၍ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်တစ်လျှောက် အသက်သွေးချွေးများစွာ ပေးဆပ်စတေးခဲ့ကြသော ဘိုး၊ ဘေး မျိုးဆက်များကား အသီးသီး တာဝန်ကျေပွန်ခဲ့ကြပြီးဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း လွတ်လပ်ရေး အရှည်တည်တံ့ဖို့၊ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့၊ လွတ်လပ်သည့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ အသီးသီး တာဝန်ရှိကြသည့် ယနေ့ နိုင်ငံသူ နိုင်ငံသားများသည် မိမိတို့တာဝန်ကျေပွန်ကြပါပြီလား။ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး နယ်ချဲ့ပရိယာယ်ကို အစဉ်သတိပြု ကာကွယ်ကြရမည် မဟုတ်ပါလား ......။ ။

**ယနေ့ ခေတ်မှာ သူ့အလိုအလေ[...]
တမင်ဝင်၍ သပ်လျှိုဖြိုခွဲသောခေ[...]
စစ်အင်အားသုံး၍ အဏုမြူပုံးဖြင့်[...]
ဝန်မလေးသောခေတ်ဖြစ်နေသည်။[...]
ဆိုသော စကားကိုပင် လက်လွတ်[...]
နေသည့် ခေတ်ဖြစ်သည်။ နိုင်ငံ[...]
နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာ[...]
ကန်စွန်းမျှပင် အလေးမထားအင်[...]
တရားအဖြစ် ကိုးကွယ်ဆည်းကပ်[...]
သည်။**

**အချင်းချင်းမညီညွတ်မှု၊ ဆူပူ[...]
များဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတ[...]
တည်ဆောက်၍ မရနိုင်ပါ။ စည်းလုံ[...]
စိတ်ဓာတ်၊ ကိုယ်ကျိုးစွန့်လွှတ် အ[...]
ခြိုးခြံချွေတာ စုဆောင်းမှု၊ အလုပ်ကြ[...]
ရှိမှု၊ ဥပဒေကို လေးစားလိုက်နာမှု[...]
ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကိုတည်ဆေ[...]
သည်။**

**လွတ်လပ်ရေး ရပြီးနောက်ပို[...]
အရှည်တည်တံ့ဖို့၊ လွတ်လပ်ရေးကို[...]
စောင့်ရှောက်ဖို့၊ လွတ်လပ်သည့် နိုင်ငံ[...]
သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့[...]
ရှိကြသည့် ယနေ့နိုင်ငံသူ နိုင်ငံသ[...]
တာဝန်ကျေပွန်ကြပါပြီလား။**

**အင်အားနိုင်ငံရေးခေတ်ကြီးတွင် ကိုယ်ပိုင် အင်အားရှိမှသာ ကိုယ့်နိုင်ငံ လွတ်[...]
ကိုယ်တိုင် ကာကွယ်နိုင်မည်ဖြစ်သည်။ တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့်[...]
တို့သည်သာ ကိုယ်ပိုင်အင်အားကို တည်ဆောက်နိုင်မည့် အကြောင်းတရား ဖြစ်သ[...]
မက ကမ္ဘာ့နိုင်ငံများနှင့် ခေတ်မီရင်ပေါင်တန်းနိုင်မည့် ဖွံ့ဖြိုး တိုးတက်သောနိုင်ငံ တ[...]
နိုင်ရေးအတွက်လည်း အဓိက မောင်းနှင်အားဖြစ်သည်။**

2-1 (08) 1 1/2/08, 2:12 AM

ယနေ့ ခေတ်မှာ သူ့အလိုအလျောက် မကွဲလျှင်ပင် တမင်ဝင်၍ သပ်လျှိုဖြိုခွဲသောခေတ်၊ ခွဲ၍မရလျှင် စစ်အင်အားသုံး၍ အလုံးပြုပုံးဖြင့်ပင် ခြိမ်းခြောက်ရန် ဝန်မလေးသောခေတ်ဖြစ်နေသည်။ တတိယကမ္ဘာစစ်ဆိုသော စကားကိုပင် လက်လွတ်စပယ် ပြောဆိုလာနေသည့် ခေတ်ဖြစ်သည်။ နိုင်ငံတကာ ဥပဒေနှင့် နိုင်ငံတစ်ခု၏ အချုပ်အခြာအာဏာဆိုသည်ကို ဟင်းရွက်ကန်စွန်းမျှပင် အလေးမထားအင်အားကိုသာ အမှန်တရားအဖြစ် ကိုးကွယ်ဆည်းကပ်သည့် ခေတ်ဖြစ်နေသည်။

အချင်းချင်းမညီညွတ်မှု၊ ဆူပူအုံကြွမှုနှင့် ပဋိပက္ခများဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို တည်ဆောက်၍ မရနိုင်ပါ။ စည်းလုံးညီညွတ်မှု၊ မျိုးချစ်စိတ်ဓာတ်၊ ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံကြိုးပမ်းမှု၊ ခိုင်မြဲခြင်္သေ့ယာ စုဆောင်းမှု၊ အလုပ်ကြိုးစားမှု၊ စည်းကမ်းရှိမှု၊ ဥပဒေကို လေးစားလိုက်နာမှုတို့ဖြင့်သာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကိုတည်ဆောက်နိုင်မည် ဖြစ်ပါသည်။

လွတ်လပ်ရေး ရပြီးနောက်ပိုင်း လွတ်လပ်ရေး အရှည်တည်တံ့ဖို့၊ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့၊ လွတ်လပ်သည့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ အသီးသီး တာဝန်ရှိကြသည့် ယနေ့နိုင်ငံသူ နိုင်ငံသားများသည် မိမိတို့တာဝန်ကျေပွန်ကြပါပြီလား။

...သာ ကိုယ့်နိုင်ငံ လွတ်လပ်ရေးကို
...စိတ်၊ မျိုးချစ်စိတ်နှင့် ညီညွတ်မှု
...အကြောင်းတရား ဖြစ်သည်။ ထိုမှ
...း တိုးတက်သောနိုင်ငံ တည်ဆောက်
...။

နေပြည်တော် မြို့တော်ခန်းမ
ဓာတ်ပုံ-ဦးတိုတိုနိုင်(IPRD)



နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို သန်လျင်မြို့နယ် သန့်စင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဇန်နဝါရီ ၁

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန်လျင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သည့် မြို့ပြကတ္တရာလမ်း ငါးလမ်းအနက်မှ သန့်စင်လမ်းကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ရက် နံနက်ရနာရီက အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ လမ်းနှင့်ပတ်သက်သော အချက်အလက်များကို သန်လျင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်းက ရှင်းလင်းတင်ပြပြီး သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဌေး၊ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦး၊ သန်လျင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးကျော်မင်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါ ကတ္တရာလမ်းသည် အရှည်ပေ ၈၀၀ လမ်းတန်ဖိုးငွေ ကျပ်၈၂သိန်းကျော် အကုန်အကျခံ၍ သန်လျင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၇–၂၀၀၈ခုနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။ အဆိုပါ လမ်းသစ်ဖွင့်လှစ်ခဲ့သောကြောင့် အမှုထမ်းရပ်ကွက်နေ ပြည်သူများသည် ကျိုက်ခေါက်ဘုရား လမ်းမကြီးနှင့် လွယ်လင့်တကူ ရာသီမရွေး သွားလာဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်

(က) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။

(ဂ) အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့် မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(င) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

လွတ်လပ်ရေးသည် ဒို့အသက်

* နယ်ချဲ့လက်အောက် တစ်ချိန်က
ကိုလိုနီခေတ် ဒို့ဘဝ၊
ရွှေမှန်ကင်းတို့ ထင်းဖြစ်ရ။

* ဆိုးသွမ်းလှတဲ့ နယ်ချဲ့ဉာဏ်
စဉ်းလဲကောက်ကျစ် အကျင့်တန်၊
ဒို့နိုင်ငံနှင့် ဒို့လူမျိုး
ဖိနှိပ်စိုးမိုး အညွန့်ချိုး။

* နယ်ချဲ့ချိုးလည်း မကျိုးပြီ
ဇာတိသွေးမာန် ရှင်သန်သည်၊
တွဲလက်ခိုင်ကျည် အားစုပေါင်း
နယ်ချဲ့မိုက်ယုတ်၊ တိုက်ထုတ်မောင်း။

* မကောင်းဆိုးဝါး နယ်ချဲ့တွေ
ထွက်ပြေး ရပြီလေ၊
ဒို့ပိုင်နက်မြေ ခံ့ထည်လှ
ငါတို့လူမျိုး စည်သာဝ။

* သွေးမာန်နိုးကြွ မြူးပျော်ရွှင်
လွတ်လပ်ရေးနေ့ ပွဲတော်တွင်
သွေးစည်းချစ်ကြင် လက်ချင်းယှက်
လွတ်လပ်ရေးသည် ဒို့အသက်။ ။

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်–

ကိုကျော်

နိုင်ငံအများအပြား၌ ၂၀၀၈ ခုနှစ်ကို ကြိုဆို ပျော်ပွဲ ရွှင်ပွဲ ကပွဲအခမ်းအနားများဖြင့် စည်ကား ဟက်ပီးနယူးယားဟူသော နှုတ်ဆက်သံများဖုံးလွှမ်း

ပေကျင်း ဇန်နဝါရီ ၁

ကမ္ဘာ့နိုင်ငံတစ်ဝန်းတွင် ၂၀၀၈ခုနှစ်၏ နှစ်သစ်ကူးအထိမ်းအမှတ် အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ရာ တရုတ်နိုင်ငံရှိ မြို့ကြီးများတွင်လည်း နှစ်သစ်ကူးအထိမ်းအမှတ် အခမ်းအနားများ ကျင်းပခဲ့သည်။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဒီဇင်ဘာ ၃၁ရက်က ကျင်းပခဲ့သော ၂၀၀၈ခုနှစ် နှစ်သစ်ကူးအထိမ်းအမှတ် အဖြစ် အော်ပရာကပွဲတစ်ရပ် ကျင်းပခဲ့ရာ တရုတ်သမ္မတ ဟူကျင်တောင်နှင့် တရုတ်ထိပ်တန်းအရာရှိကြီးများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ အော်ပရာကပွဲမတိုင်မီ တရုတ်သမ္မတ ဟူကျင်တောင်၊ တရုတ်ထိပ်တန်း အရာရှိကြီးများနှင့် အော်ပရာအဖွဲ့ဝင်များ စုပေါင်းအမှတ်တရဓာတ်ပုံ ရိုက်ခဲ့ကြသည်။ **(ယာပုံ)**

ထို့အပြင် ရှန်ဟိုင်း၊ ဖူကျင့်နှင့် စီချွမ်စသည့် မြို့ကြီးများတွင်လည်း နှစ်သစ်ကို ကြိုဆိုကာ လူငယ်များ တစ်ညလုံး ပျော်ရွှင်ခဲ့ကြသည်။ ဟက်ပီးနယူးယားဟူသော အသံများက နေရာတိုင်းတွင် ဖုံးလွှမ်းခဲ့သည်။

ဖိလစ်ပိုင်

ထို့အတူ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်တွင် နှစ်သစ်ကူးအထိမ်းအမှတ် အဖြစ် စင်မြင့်တေးဂီတပွဲများ၊ အထူးဈေးရောင်းပွဲများ ကျင်းပခဲ့ကြသည်။ လူငယ်များအားလုံး တစ်ညလုံး ပျော်ရွှင်စွာဆင်နွှဲကြသည်။

မနီလာမြို့တော်တွင် ဒီဇင်ဘာ ၃၁ရက်ညက နှစ်သစ်ကူးအပျော်လွန်သူများကြောင့် ယာဉ်မတော်တဆမှုများလည်း ဖြစ်ပွားခဲ့ကြောင်း မနီလာမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုင်း

၂၀၀၈ခုနှစ် နှစ်သစ်ကို ကြိုဆိုသောအားဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်ရှိ ကုန်ပဒေသာဆိုင်ကြီးများက အထူးလျှော့ဈေးဖြင့် အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ ရောင်းချပေးလျက်ရှိရာ နိုင်ငံတကာမှ လာရောက်ဈေးဝယ်သူများနှင့် စည်ကားလျက်ရှိသည်။

ဗန်ကောက်မြို့ လမ်းမကြီးများတွင်လည်း လူငယ်များက တေးဂီတသီဆိုခြင်း၊ စုပေါင်းတေးသရုပ်ဖော်အစီအစဉ်များ တင်ဆက်ခြင်းတို့အပြင် မိသားစုအလိုက် နှစ်သစ်ကူးအခမ်းအနားများကျင်းပကာ ဟက်ပီးနယူးယားဟူသော နှုတ်ခွန်းဆက်သံများ အော်ဟစ်ကာ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။

တောင်ကိုရီးယား

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၊ ဟူဆန်နှင့် အခြားမြို့ကြီးများတွင် ၂၀၀၈ခုနှစ်ကို ကြိုဆိုသောအားဖြင့် ကုန်ပဒေသာဆိုင်ကြီးများ၊ စားသောက်ဆိုင်ကြီးများတွင် အထူးဈေးရောင်းပွဲတော်များ ကျင်းပကာ နှစ်သစ်ကူး အထူးလျှော့ဈေးများဖြင့် ရောင်းပေးလျက်ရှိသည်။

နှုတ်ခွန်းဆက်သံ

ဆိုးလ်မြို့ လမ်းမကြီးများပေါ်တွင် လူငယ်များ အစုအဖွဲ့လိုက် ပျော်ရွှင်စွာ ကခုန်ခြင်း၊ နှစ်သစ်ကူးစအချိန်ကိုစောင့်ကာ ဟက်ပီးနယူးယား ဟူသော နှုတ်ခွန်းဆက်သံများ ပြိုင်တူဟစ်ကြွေးလျက် နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပိုလီယိုကာကွယ်ရေးစီမံချက်အရ နီပေါ၌ ကလေးငယ်များအား ဆေးတိုက်ကျွေး

ခတ္တမန္ဒူ ဇန်နဝါရီ ၁

နီပေါနိုင်ငံ၏ အမျိုးသားပိုလီယိုကာကွယ်ရေး စီမံချက်ဖြင့် ဒီဇင်ဘာ ၃၀ရက်က ၆၈ မြို့နယ်ရှိ ငါးနှစ်အောက် ကလေးသူငယ် ၄၁သိမ ၅သန်းအား ပိုလီယို ကာကွယ်ဆေး တိုက် ကျွေးခဲ့သည်။

ပြုစု

ယင်းစီမံချက်လုပ်ငန်းတွင် ကျန်းမာရေး ဝန်ထမ်း ၁၃၀၀၀ ခန့်တို့က မြို့နယ် ဒေသအလိုက်ကွင်းဆင်း တိုက်ကျွေးခြင်း ပြုကြောင်း ကျန်းမာရေး ဌာနမှ ပြောကြားသည်။

တိုက်ကျွေး

၎င်း ပြည်နယ်များတွင် ပိုလီယို ရောဂါကာကွယ်ရေး အတွက် တစ် အိမ် တက် ဆင်း ကွင်းဆင်းစစ်ဆေးမှုပြုရာ လာမည့် ဖေဖော်ဝါရီ ၂ရက်မှ ၃ရက် အထိ ဒုတိယအကြိမ် ထပ်မံ၍ ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးမည် ဖြစ်ကြောင်း ထပ်လောင်း ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

စီးပွားရေးနယ်ပယ်ကဏ္ဍအသီးသီး၌ ဂျော်ဒန်နှင့်ဆီးရီးယားပူးပေါင်းဆောင်ရွက်မည်

အမ္မန် ဇန်နဝါရီ ၁

ဂျော်ဒန်နိုင်ငံနှင့် ဆီးရီးယားနှစ်နိုင်ငံတို့သည် စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာ နယ်ပယ်ကဏ္ဍတို့၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု လက်မှတ်ရေးထိုးရန် သဘောတူညီကြောင်း ဒီဇင်ဘာ ၃၀ရက်တွင် ဂျော်ဒန်တိုင်းမ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

တွေ့ဆုံ

အဆိုပါ သဘောတူလက်မှတ်ရေးထိုးရန်အတွက် ဒီဇင်ဘာ ၂၉ရက်၌ ဆီးရီးယားဝန်ကြီးချုပ်သည် အမ္မန်မြို့သို့ နှစ်ရက်ကြာ အလည်အပတ် ရောက်ရှိစဉ် ဂျော်ဒန်နိုင်ငံဝန်ကြီးချုပ်နှင့် တွေ့ဆုံခဲ့သည်။ ယင်းနောက် နှစ်နိုင်ငံအနေဖြင့် လုပ်ငန်းကဏ္ဍ ၁၂ရပ်ကို ပူးပေါင်းဆောင်ရွက်မည် ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ဆီးရီးယားနိုင်ငံမှတင်သွင်းရန် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှု လုပ်ငန်းများနှင့် အိမ်ရာတည်ဆောက်ရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အသက်မွေးမှု

အခြားနယ်ပယ်ကဏ္ဍဖြစ်သည့် အားကစား၊ ကျန်းမာရေးဆိုင်ရာ၊ သိပ္ပံနှင့် ယဉ်ကျေးမှု၊ ပညာရေး၊ လူမှုရေးရာကိစ္စရပ်များ၊ အသက်မွေးမှု သင်တန်းကျောင်းများနှင့် လူ့စွမ်းအား အရင်းအမြစ်စသည်တို့၌ အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ဖြတ်လမ်းမှ ပန်းတိုင်ရောက်လိုသူ

ကိုလံဘီယာနိုင်ငံ၏ မြို့တော် ဘိုဂိုတာသည် နိုင်ငံ၏ အလယ်ပိုင်း အန်ဒီယန်ကုန်းပြင်မြင့်ပေါ်တွင် တည်ရှိသည်။ ကုန်းမြင့်ပိုင်းတွင် တည်ရှိသဖြင့် သဘာဝပတ်ဝန်းကျင်အလှအပ ရှုခင်းများကို အပေါ်စီးမှ ကြည့်ရှုခံစားနိုင်သည်။

ကူညီလေ့ရှိ

ဘိုဂိုတာမြို့တွင် ဘိုင်ရွှန်အေဂျီမီနက်ဇ်ကက်စတာနီဒါ **(ယာပုံ)**ဆိုသူ ကြေးရတတ်တစ်ဦးနေထိုင်သည်။ ကက်စတာနီဒါသည် ခြံကြီးဝင်းကြီးအိမ်ကြီးရခိုင်နှင့်နေထိုင်ကာ ချမ်းသာသူဖြစ်သော်လည်း ၎င်းနေထိုင်ရာပတ်ဝန်းကျင်ရှိ လူမှုရေး၊ ရပ်ရေးရွာရေးကိစ္စရပ်များ၌ ငွေကြေးကို ရက်ရောစွာ ပေးကမ်းလှူဒါန်းကူညီလေ့ရှိသူဖြစ်သည်။

လျှို့ဝှက်

ထိုသို့ရပ်ရေးရွာရေးတွင် ငွေကြေးကိုနှမြောတွန့်တိုခြင်းမရှိဘဲ အားတက်သရောကူညီတတ်သော်လည်း ၎င်း၏စီးပွားရေးလုပ်ငန်းကိုမူ ပတ်ဝန်းကျင်ကို အသိပေးခြင်းမရှိဘဲ လျှို့ဝှက်သိုသိပ်စွာလုပ်ကိုင်လေ့ရှိသည်။

အလှူပယ်

ထို့ကြောင့် ပတ်ဝန်းကျင်ကလည်း ကက်စတာနီဒါ မည်သည့်စီးပွားရေးလုပ်ကိုင်သည်ကို စိုးစဉ်းမျှရိပ်စားမသိရှိကြပေ။ ပတ်ဝန်းကျင်က ကက်စတာနီဒါသည် လူချမ်းသာတစ်ဦးဖြစ်ပြီး လူမှုရေးလုပ်ငန်းများတွင် ငွေကြေးကို အလှူပယ်ပေးကမ်းလှူဒါန်းတတ်သူဟုသာ သိထားလေသည်။ ထိုသို့ ဖြစ်ရသည်မှာ ကက်စတာနီဒါသည် ၎င်း၏ဒေသတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိဘဲ ပင်လယ်ရပ်ခြားကူးသန်းရောင်းဝယ်မှုကိုသာ လုပ်ကိုင်ခဲ့သောကြောင့်ဖြစ်သည်။

သရုပ်အမှန်

ကက်စတာနီဒါသည် နိုင်ငံရပ်ခြားသို့ ကူးသန်းရောင်းဝယ်သွားလာမှုကို အသက်၃၀ကျော်စကတည်းကလုပ်ကိုင်ခဲ့ရာ ငွေကြေးအမြောက်အမြား မြတ်စွန်းခဲ့ပြီး ၎င်း၏ စီးပွားရေးမှာလည်း တစ်နေ့တခြား ဒီရေအလား တိုးပွားလာခဲ့သည်။ ၎င်းလုပ်သမျှလုပ်ငန်းများသည်လည်း လုပ်တိုင်းအောင်မြင်နေသဖြင့် လုပ်ငန်းများကို ထပ်မံတိုးချဲ့ခဲ့လေသည်။ ထိုသို့တိုးချဲ့ရာမှ ကက်စတာနီဒါ၏ ဇာတိသရုပ်အမှန်ကို ပတ်ဝန်းကျင်က သိရှိစေဖို့အကြောင်းဖန်လာခဲ့သည်။

ဖမ်းဆီးခဲ့

အကြောင်းမှာ အိုင်စီအီးနှင့် အက်ဖ်ဘီအိုင်ထောက်လှမ်းရေးအဖွဲ့များသည် ၎င်း၏တရားမဝင်သော ရာဇဝတ်မှုမကင်းသည့် လုပ်ငန်းများကို အလုံးစုံခြေရာခံခဲ့ပြီးဖြစ်သဖြင့် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၂၈ရက်နှောင်းပိုင်းက ဖမ်းဝရမ်းထုတ်ကာ ဖမ်းဆီးခဲ့သောကြောင့်ဖြစ်သည်။ အသက် ၄၄နှစ်အရွယ်ရှိ ကိုလံဘီယာနိုင်ငံသား ကက်စတာနီဒါကို အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်အလယ်ပိုင်း အော်လန်ဒိုမြို့တွင် အိုင်စီအီးနှင့် အက်ဖ်ဘီအိုင်ထောက်လှမ်းရေးအဖွဲ့များက ဖမ်းဆီးခဲ့သည်။

စွဲချက်တင်ထား

ကက်စတာနီဒါကို မူးယစ်ဆေးလက်ဝယ်ထားရှိပြီး အမေရိကန်နိုင်ငံအတွင်းသို့ဖြန့်ချိတင်သွင်းရန် လျှို့ဝှက်ပူးပေါင်းကြံစည်မှု၊ ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၃ရက်က ကိုလံဘီယာနိုင်ငံ မီဒီလင်မြို့တွင် အိုင်စီအီးထောက်လှမ်းရေး တစ်ဦးကို ပြန်ပေးဆွဲရာတွင်ပါဝင်ခဲ့ပြီး ဒေါ်လာနှစ်သန်းတောင်းခဲ့မှု၊ ကိုကင်းကီလိုဂရမ်၁၉၀၀ကို သိမ်းဆည်းရမိပြီး ကိုကင်းရောင်းဝယ်မှု၊ ပြည်ပနှင့်ပြည်တွင်းငွေစာရင်းများလိမ်လည်မှု၊ အမေရိကန်ဒေါ်လာသုံးသန်းကျော်နှင့် မူးယစ်ဆေးဝါးသယ်သင်္ဘောခြောက်စီးကို သိမ်းဆည်းရမိမှုတို့ဖြင့် စွဲချက်တင်ထားသည်။ ၎င်းနှင့်အပေါင်းပါ၂၃ဦးတို့ကိုလည်း ဖမ်းဆီးမိခဲ့သည်။

လော့စ်အိန်ဂျလိစ်၌ အော်စကာဆုပေးပွဲ ကျင်းပမည်

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၁

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ နှစ်(၈၀)ပြည့် ရုပ်ရှင်အကယ်ဒမီဆုပေးပွဲအခမ်းအနားကျင်းပမည်ဖြစ်ရာ ၎င်းအော်စကာ ထူးချွန်ဆုပေးပွဲ၌ ရုပ်ရှင်ကားပေါင်း ၃၀၆ကားထဲမှ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသည့် အကောင်းဆုံးကားများကို စိစစ်ရွေးချယ်မည် ဖြစ်သည်။

ကြေညာမည်

အဆိုပါ အော်စကာဆုများကို ဇန်နဝါရီ ၂၂ရက်တွင် ကြေညာမည်ဖြစ်ကြောင်း ယင်းဆုရွေးချယ်ရေးအဖွဲ့က ပြောကြားသည်။

အော်စကာအကယ်ဒမီဆု ရရှိကြသူများအား ဖေဖော်ဝါရီ ၂၄ရက်တွင် ဟောလီးဝုဒ်ရှိ ကိုဒတ်ကဇာတ်ရုံကြီး၌ အခမ်းအနားဖြင့် ဆုများချီးမြှင့်ပေးအပ်ရန် စီစဉ်ထားကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

သင်ခန်းစာယူဖွယ်ရာ

ကက်စတာနီဒါအဖို့ ပတ်ဝန်းကျင်တွင် လျှို့ဝှက်သိုသိပ်စွာ နေထိုင်ခဲ့ပြီး စီးပွားရေးလုပ်ကိုင်ရာ၌ တရားမဝင်လုပ်ကိုင်ခဲ့သည့်အတွက် ဖြတ်လမ်းမှ ပန်းတိုင်ရောက်လိုသူအဖြစ်နှင့်တူနေပြီး ဥပဒေမှပေးသော ပြစ်ဒဏ်ကို နှစ်ပေါင်းမည်မျှ ပေးဆပ်ရဦးမည်ကို ခန့်မှန်းမရနိုင်အောင်ဖြစ်နေသည်မှာ သင်ခန်းစာယူဖွယ်ရာပင်။ ။

ကိုးကားရေးဖွဲ့သူ - ချစ်စိုးနိုင်



ထူးခြားဖြစ်စဥ် ကမ္ဘာတစ်ခွင်

- *ဖိလစ်ပိုင်နိုင်ငံ ဘိုကူမြို့တွင် ဒီဇင်ဘာ၃၁ရက်ကမီးရှူးမီးပန်း စက်ရုံတစ်ခု၌ မီးလောင်မှု ဖြစ်ပွားရာ စက်ရုံအစိတ်အပိုင်းအများအပြားပျက်စီးခဲ့သည်။*
- **အီဂျစ်နိုင်ငံ မင်ယာနှင့် အက်စွပ်မြို့အကြား အဝေးပြေးလမ်းမကြီးပေါ် မောင်းနှင်လာသော ဘတ်စ်ကားတစ်စီး ဒီဇင်ဘာ၃၁ရက်က အရှိန်လွန်ပြီး တူးမြောင်းတစ်ခုအတွင်း ထိုးကျသွားရာ ၁၉ဦး ပွဲချင်းပြီးသေဆုံးခဲ့သည်။**
- *မက္ကဆီကိုနိုင်ငံ ချီဟွာဟွာပြည်နယ် မြောက်ပိုင်းတွင် ဇန်နဝါရီ၁ရက်က အအေးလှိုင်းကျရောက်ခဲ့ရာ ၁၃ဦး သေဆုံးခဲ့သည်။*
- **အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ တောင်ဘက်မိုင်၇၀ခန့်အကွာရှိ မြစ်တစ်ခုအတွင်း ဇန်နဝါရီ၁ရက်က စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ငါးဦးသေဆုံးပြီး ရှစ်ဦးပျောက်ဆုံးခဲ့သည်။**
- *ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းဇမ်ဘွန်ဂါမြို့ အနောက်ဘက်ကမ်းရိုးတန်းတွင် ဇန်နဝါရီ၁ရက် နံနက်ကအခွံပျော့ လိပ်ကြီးတစ်ကောင်ကို ဖမ်းမိခဲ့ရာ အခွံပျော့လိပ်ကို ပထမဆုံးအကြိမ် ဖမ်းမိခဲ့ခြင်းဖြစ်သည်။*
- **ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ အဏ္ဏဝါပြတိုက်၌ ဂျိုနာအိုအမည်ရှိ ၁၀နှစ်အရွယ်ဖျံတစ်ကောင်သည် နှစ်သစ်ကို ကြိုဆိုသည့် အထိမ်းအမှတ်အဖြစ် ပါးစပ်၌စုတ်တံကိုက်ပြီး စာရေးပြခဲ့ကြောင်းသိရသည်။**

(အပေါ်ပုံ)

- *ဘရာဇီးနိုင်ငံ ဘရာဆီးလီးယားမြို့တွင် ဒီဇင်ဘာ၃၀ရက်က မီးလောင်မှုဖြစ်ပွားရာ အိမ်ငါးလုံးမီးလောင်ကျွမ်းခဲ့ရသည်။*

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် အရှေ့ပိုင်းရှိ အဏ္ဏဝါပြတိုက်တစ်ခု၌ ဇန်နဝါရီ ၁ ရက်က ယန်ယန်အမည်ရှိ သုံးနှစ်အရွယ်ကလေးငယ်တစ်ဦးက ရေထဲတွင် လင်းပိုင်တစ်ကောင်နှင့် ဆော့ကစားနေသည့်မြင်ကွင်းကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း

လှုပ်လှုပ်ရှားရှား အင်တာနက် ပုံရိပ်များ

စပိန်နိုင်ငံ မက်ဒရစ်မြို့အရှေ့ဘက် မိုင် ၅၀ ခန့်အကွာရှိ ကမ်းခြေတွင် ဒီဇင်ဘာ ၃၁ရက်က အမြင့်ပေ ၂၀၀ မှ ဒိုင်ဗင်ထိုးချနေသည့် လူတစ်ဦးကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

ဇန်နဝါရီ ၁

ပါကစ္စတန်ရွေးကောက်ပွဲသတ်မှတ်ရက်အတိုင်းကျင်းပရန်တောင်းဆို

ပါကစ္စတန်နိုင်ငံတွင် မတည်မငြိမ်ဖြစ်နေမှုရှိသော်လည်း ယခင် သတ်မှတ်ထားသည့် ဇန်နဝါရီ ၈ရက်၌ ရွေးကောက်ပွဲ ကျင်းပရန် အတိုက်အခံပါတီများက တောင်းဆိုလိုက်ကြသည်။

အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်သူ နဝပ်ရှစ်ဖ်ကလည်း ရွေးကောက်ပွဲကျင်းပချိန်သည် နှောင့်နှေးကြန့်ကြာမှု မရှိသင့်ကြောင်း ရွေးကောက်ပွဲရက်ရွှေ့ဆိုင်းမှုကို ဆန့်ကျင်ကြောင်းပြောကြားသည်။

ပါကစ္စတန် စတော့ရှယ်ယာဈေးနှုန်းများ ကျဆင်း

ပါကစ္စတန်နိုင်ငံရှိ အချို့မြို့ကြီးများတွင် အကြမ်းဖက်တိုက်ခိုက်မှုများရှိနေသဖြင့် နိုင်ငံအတွင်း စတော့ရှယ်ယာဈေးနှုန်းများ ဆက်လက်ကျဆင်းလျက်ရှိကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ပါကစ္စတန်တွင် စတော့ရှယ်ယာဈေးနှုန်းကျဆင်းမှုသည် ၄ဒသမ ၇ရာခိုင်နှုန်းအထိရှိကြောင်း သိရသည်။ စီးပွားရေးလုပ်ငန်းရှင်များက ဇန်နဝါရီ ၈ရက်နောက်ပိုင်း ပုံမှန်ဖြစ်လာမည်ဟု ခန့်မှန်းထားသည်။

ပီပီပီနှင့်ပါတီသုံးခု ပူးပေါင်း

ထိုင်းနိုင်ငံတွင် ရွေးကောက်ပွဲအနိုင်ရရှိထားသော ပြည်သူ့အာဏာပါတီ(ပီပီပီ)က အခြားပါတီငယ်သုံးခုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း ပီပီပီမှ တာဝန်ရှိသူများက ပြောကြားသည်။

ထိုပါတီငယ်သုံးခုနှင့်အတူ ပီပီပီပါတီက ယခုရက်ပိုင်းအတွင်း အထူးအစည်းအဝေးတစ်ရပ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားရန်မိမိတို့ သဘောတူညီမှုများ ရရှိခဲ့ပြီးဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ ထိုပါတီငယ်သုံးခုမှာ ချက်ထိုင်း၊ ပူရာပါဒင်နှင့် ဒီမိုကရက်ပါတီတို့ ဖြစ်သည်။

အီဂျစ်နှင့်နျူကလီးယား ပူးပေါင်းလုပ်ဆောင်ရန် အီရန်အသင့်ရှိ

အီရန်နိုင်ငံ အနေဖြင့် အီဂျစ်နိုင်ငံနှင့်အတူ နျူကလီးယားပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်အသင့်ရှိကြောင်း အီဂျစ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အီရန်နျူကလီးယား ညှိနှိုင်းရေးမှူးဟောင်း အလီလာရီဂျာနီ က ပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် နျူကလီးယား ပူးပေါင်းလုပ်ကိုင်ရန်အတွက် အာရပ်နိုင်ငံများပါဝင်လာစေရန် စည်းရုံးမှုပြုလျက်ရှိသည်။

လက်ဘနွန်အရေးကူညီပေးရန် ပြင်သစ်သမ္မတတိုက်တွန်း

လက်ဘနွန်နိုင်ငံတွင်ဖြစ်ပေါ်နေသော အကျပ်အတည်းများကို ကူညီဖြေရှင်းရန် ဆီးရီးယားတို့ဝိုင်းဝန်းဆောင်ရွက်ပေးသင့်ကြောင်း ပြင်သစ်သမ္မတ နီကိုလက်စ်ဆာကိုဇီက တိုက်တွန်းလိုက်သည်။

လက်ဘနွန်သမ္မတရွေးချယ်ပွဲသည် ပြည်တွင်းမတည်မငြိမ်ဖြစ်နေမှုကြောင့် ရွှေ့ဆိုင်းမှုများပြုလုပ်ထားရသည့်အပေါ် ဝိုင်းဝန်းကူညီကြရေး ပြင်သစ်သမ္မတက ဆော်ဩခြင်းဖြစ်သည်။

တမီးလ်တိုက်ဂါးသူပုန်များကို အရှိန်မြှင့်တိုက်မည်

သီရိလင်္ကာအစိုးရအနေဖြင့် ၂၀၀၈ခုနှစ်တွင် တမီးလ်တိုက်ဂါးသူပုန်များကို အရှိန်တိုးမြှင့်တိုက်ခိုက်သွားရန်ဆုံးဖြတ်ထားကြောင်း သီရိလင်္ကာစစ်ဘက် အရာရှိများက ပြောကြားသည်။

ပြီးခဲ့သည့်၂၀၀၇ခုနှစ်က တမီးလ်တိုက်ဂါးများအထိနာစေခဲ့သော တိုက်ခိုက်မှုများထက် ပိုမိုပြင်းထန်သောစစ်ဆင်ရေးများပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ဘူတန်နိုင်ငံ၌ ပါလီမန်ရွေးကောက်ပွဲကျင်းပ

ဘူတန်နိုင်ငံ၏ပထမဆုံးအကြိမ် ပါလီမန်ရွေးကောက်ပွဲကို စတင်ကျင်းပလျက်ရှိရာ ရာစုနှစ်တစ်ခုကျော်ကာလအတွင်း ပထမဆုံးရွေးကောက်ပွဲပင် ဖြစ်သည်။

ဘူတန်နိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးခြင်း အစိတ်အပိုင်းတစ်ရပ်အဖြစ် အထက်လွှတ်တော်နှင့် အမျိုးသားကောင်စီဝင်နေရာများအတွက် မဲဆန္ဒဖြင့်ရွေးချယ်ခြင်းဖြစ်သည်။

ကျူးဘားက ပါလက်စတိုင်းအားကူညီမည်

ဒေသတွင်းကိစ္စများကိုဆွေးနွေးရန် ပါလက်စတိုင်းသမ္မတမာမွတ်အဘတ်စ်၏ အထူးသံတမန်ဆာလက်ရာဖက်သည် ကျူးဘားနိုင်ငံသို့ ရောက်ရှိပြီး ကျူးဘားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ကျူးဘားသမ္မတ ကက်စထရိုနှင့် နိုင်ငံခြားရေးဝန်ကြီးတို့က ပါလက်စတိုင်းတို့အား အကူအညီပေးသွားမည်ဟု ပြောကြားသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော မြန်မာကဗျာကို နိုင်ငံတကာအထိ မွှေးပျံ့အောင် စွမ်းဆောင်ကြ

အနုပညာမြင်ကွင်း-မိုးမြင့်လင်းလက် ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း) စာမျက်နှာပွဲ့စည်းမှု-ထိန်လင်း

ရန်ကုန် ဇန်နဝါရီ ၁

အာကာ်ဘက်က ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ ပွင့်လန်းစည်ပင်လျက်ရှိသော ယနေ့မြန်မာနိုင်ငံဝယ် စာပေကဗျာ အနုပညာပန်းများသည်လည်း တစ်မူထူးခြား ဆန်းသစ်ပွင့်လန်းနေပေပြီ။

တောင်ကိုရီးယားနိုင်ငံမှ ကဗျာဆရာ Ko Hyeong Ryeal သည် ၁၉၅၄ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ ဂန်းဝမ်ဒိုကမ်းခြေတစ်ခုဖြစ်သော ဆိုပ်ချိုမြို့တွင် မွေးဖွားခဲ့သည်။ သူသည် ၁၉၇၄ခုနှစ်မှစတင်၍ ရှစ်နှစ်ခန့် အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးသည့်နောက်ပိုင်း ယနေ့အထိ စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာ၊ ထုတ်ဝေသူအဖြစ် ရပ်တည်လျက်ရှိသည်။

ယခုအခါ သူသည် ကိုရီးယားစာရေးဆရာများ အစည်းအရုံး ကဗျာဌာနတွင် ဒါရိုက်တာအဖြစ် တာဝန်ယူပြီး (Chung Bi)ပုံနှိပ်တိုက်တွင် ကဗျာတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်မှာ အနှစ်၂၀ကျော်တိုင်ခဲ့ပေပြီ။ သူသည် ကဗျာပေါင်းမြောက်မြားစွာရေးသားခဲ့ပြီး၊ ကဗျာစာအုပ်လုံးချင်း (၁၁)အုပ်ထုတ်ဝေခဲ့ပြီးဖြစ်ရာ အီရောင်းစာပေဆု၊ ဂျီဟွန်းစာပေဆု၊ ဘ၏ဆေးစာပေဆု၊ ကိုရီးယား အမျိုးသားစာပေဆုများကို ရရှိခဲ့ပေသည်။

၂၀၀၀ပြည့်နှစ်မှစတင်၍ ကိုရီးယား၊ မြန်မာ၊ ဂျပန်၊ ဗီယက်နမ်၊ မွန်ဂို၊ တရုတ် အစရှိသော အာရှခြောက်နိုင်ငံမှ ကဗျာဆရာများ၏ ကဗျာများကိုစုစည်း၍ Sipyaung (Poem and Review) အမည်ရှိ ကဗျာပေါင်းချုပ် စာအုပ်ကို သုံးလတစ်ကြိမ် ထုတ်ဝေခဲ့ရာ ယခုအခါ စာအုပ် အုပ် ၃၀ မြောက်အထိ ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ယခုအခါ သူသည် သူ၏သူငယ်ချင်းကဗျာဆရာ Jeong Seong Ho နှင့်အတူ မြန်မာနိုင်ငံသို့ ခေတ္တအလည်အပတ်ရောက်ရှိလျက်ရှိပြီး မြန်မာ ကဗျာများကိုလေ့လာလျက်ရှိ၏။ ထို့ပြင် သူနှင့်ခင်မင်ရင်းနှီးသော မြန်မာကဗျာဆရာများနှင့် တွေ့ဆုံကာ ကိုရီးယား-မြန်မာ ကဗျာချစ်ကြည်ရေး၊ အပြန်အလှန် ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေးကိစ္စများကို ဆောင်ရွက်လျက် ရှိသည်။

မြန်မာကဗျာကို စိတ်ဝင်တစားလေ့လာလျက်ရှိသော Ko Hyeong Ryeal ၊ ၎င်း၏ မိတ်ဆွေဖြစ်သူ ကဗျာဆရာ Jeong Seong Ho တို့နှစ်ဦးနှင့် ၎င်းတို့၏ မြန်မာကဗျာ ဆရာမိတ်ဆွေ မြင်းမူမောင်နိုင်မိုးတို့အား မြန်မာ့အလင်းသတင်းအဖွဲ့က မကြာမီက သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

Ko Hyeong Ryeal (ကိုယောင်းရာယ်)

"တောင်ကိုရီးယား-မြန်မာ အပြန်အလှန် ဘာသာပြန်ကဗျာစာအုပ်တွေ ထုတ်ဝေဖို့ ရောက်ရှိခဲ့တာပါ"

ကိုယောင်းရာယ်
တောင်ကိုရီးယား ကဗျာဆရာ။

မေး။ မြန်မာနိုင်ငံကို ရောက်လာတာ အခု ပထမဆုံးအကြိမ် ဖြစ်ပါသလား။

ဖြေ။ မဟုတ်ပါဘူး၊ ဒုတိယအကြိမ်ပါ။ ၂၀၀၅ခုနှစ်က တစ်ခေါက်ရောက်ဖူးပါတယ်။

မေး။ မြန်မာကဗျာတွေကို စိတ်ဝင်စားတယ်လို့ သိရပါတယ်။ ဘယ်တုန်းကစပြီး စိတ်ဝင်စားခဲ့တာလဲ။

ဖြေ။ မြန်မာနိုင်ငံကို ကျွန်တော့်ထက်စောပြီး ရောက်နေတဲ့ ကျွန်တော့်သူငယ်ချင်း Jeong Seong Ho က ကျွန်တော့်ဆီကို မြန်မာကဗျာတွေ ပို့ပေးပါတယ်။ ကိုရီးယားဘာသာပြန်ဆိုပြီးတော့ပေါ့။ ကျွန်တော်က နှစ်သက်တာနဲ့ ကျွန်တော် ထုတ်ဝေတဲ့ Spiyaung (Poem and Review) စာအုပ်မှာ ထည့်သွင်း ဖော်ပြပေးပါတယ်။ သုံးလတစ်ကြိမ် ထုတ်ဝေတဲ့စာအုပ်ပါ။

မေး။ မြန်မာကဗျာဆရာ အမည်က ဘယ်သူပါလဲ။

ဖြေ။ မြင်းမူမောင်နိုင်မိုးပါ။ သူ့ကဗျာ တွေထဲက ၂၀၀၆ခုနှစ်ထုတ် စာအုပ်မှာ ဝင်ခွင့်ပြုပါကဗျာနှင့် သစ်ရွက်ကလေးနှစ်ရွက် ကဗျာကို ဖော်ပြခဲ့ပါတယ်။ ကိုရီးယား တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေ အလွန်ပဲ နှစ်သက်ကြပါတယ်။

မေး။ အခုလာတာက . . .။

ဖြေ။ မြန်မာနိုင်ငံအစိုးရက ချီးမြှင့်တဲ့ ၂၀၀၆ခုနှစ် အမျိုးသားစာပေဆုကို မောင်နိုင်မိုး ရတယ်လို့ သူငယ်ချင်းက အကြောင်းကြားလို့ ဝမ်းမြောက်ဂုဏ်ယူစကား ပြောကြားရင်း ကိုရီးယား-မြန်မာ အပြန်အလှန်ဘာသာပြန် ကဗျာစာအုပ်တွေ ထုတ်ဝေကြဖို့ လာခဲ့တာပါ။

မေး။ တခြားကဗျာဆရာတွေနဲ့ကော ပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ် ဘာတွေများ ရှိပါသေးသလဲခင်ဗျာ။

ဖြေ။ ရှိပါတယ်။ အခုကျွန်တော်တို့ရဲ့ သုံးလတစ်ကြိမ်ထုတ် ကဗျာပေါင်းချုပ် စာအုပ်မှာ ယခုနှစ်ဆောင်းဦးရာသီ စာအုပ်ထဲမှာ မြန်မာကဗျာဆရာ စလင်းဘုန်းကျော်ရဲ့ ကဗျာနှစ်ပုဒ် ထည့်သွင်းဖော်ပြထားပါတယ်။ နောက်ပိုင်းမှာဆိုရင် မြင်းမူမောင်နိုင်မိုးကတစ်ဆင့် တခြားကဗျာဆရာများရဲ့ ကဗျာများကိုလည်း ဖော်ပြပေးနိုင်ဖို့ အစီအစဉ်တွေချပြီး ဖြစ်ပါတယ်။ အခု လောလောဆယ် မစ္စတာမိုး(မြင်းမူမောင်နိုင်မိုး)ရဲ့ ကဗျာပေါင်းချုပ် စာအုပ်များကို ကိုရီးယား ဘာသာသို့ ပြန်ဆိုနေပါတယ်။ အလားတူ ကျွန်တော်နဲ့ကျွန်တော့်မိတ်ဆွေ Jeongရဲ့ ကဗျာများကိုလည်း မစ္စတာမိုးက မြန်မာဘာသာနဲ့ ပြန်လည်ဖွဲ့စည်းနေပါတယ်။

Jeong Seong Ho (ဂျွန်ဆောင်းဟို)

မေး။ မြန်မာနိုင်ငံကို ရောက်တာ ဘယ်လောက်ကြာပါပြီလဲ။

ဖြေ။ လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်ထဲက ရောက်ခဲ့ပါတယ်။ အခုကတော့ စီးပွားရေး လုပ်ငန်းကလည်း တစ်ဖက်ဆိုတော့ သွားလိုက်ပြန်လိုက်ပါပဲ။

မေး။ ဘယ်အချိန်ကစပြီး ကဗျာတွေရေးခဲ့ပါသလဲ၊ ဘယ်လောက် ပုဒ်ရေများများ ရေးခဲ့ပြီးပါပြီလဲ။

ဖြေ။ အသက် ၅၀ကစပြီး ရေးခဲ့ပါတယ်။ စုစုပေါင်း ကဗျာပုဒ်ရေ ၅၀တော့ရှိမယ်။ လုံးချင်းကဗျာ စာအုပ်တစ်အုပ် ထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။

"လှပဖော်ရွေပြီး လေးစားဖို့ကောင်းတဲ့ မြန်မာတွေအကြောင်း ကဗျာတွေအများကြီး ရေးဖွဲ့ထားပါတယ်"

ဂျွန်ဆောင်းဟို
တောင်ကိုရီးယား ကဗျာဆရာ။

မေး။ မြန်မာနိုင်ငံက ကဗျာဆရာတွေနဲ့ ကဗျာတွေကို ဘယ်လောက်များများ ဖတ်ရှုပြီးခဲ့ပါပြီလဲ။

ဖြေ။ အများကြီး ဖတ်ရှုလေ့လာဖူးပါတယ်။ ကျွန်တော်က ကဗျာရဲ့ အရသာခံစားဖို့ စကားပြန်သီးခြားထားရှိပါတယ်။ မြန်မာနိုင်ငံကို ရောက်တာနဲ့ မစ္စတာမိုးရဲ့ အကူအညီနဲ့ မြန်မာကဗျာ ကောင်းကောင်းတွေကို စုစည်းဖတ်ရှုတာပါပဲ။ ကျွန်တော် ကိုယ်တိုင်လည်း ယဉ်ကျေးတဲ့ မြန်မာ၊ လှပတဲ့ မြန်မာ၊ ဖော်ရွေတဲ့ မြန်မာ၊ လေးစားဖို့ကောင်းတဲ့ မြန်မာတွေ အကြောင်း ကဗျာတွေအများကြီး စပ်ဆိုပြီးပါပြီ။

မေး။ အဲဒီကဗျာတွေကို မြန်မာလို ပြန်ဆိုဖို့ အစီအစဉ်ရှိပါသလား။

ဖြေ။ မစ္စတာမိုးထံမှာအပ်နှံပြီးဖြစ်ပါတယ်။ မကြာခင် ကိုရီးယား-မြန်မာ နှစ်ဘာသာနဲ့စာအုပ် ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။

မြင်းမူမောင်နိုင်မိုး

"မြန်မာကဗျာတွေ သူတို့ဆီမှာ ပျံ့နှံ့အောင် ထုတ်ဝေပေးမယ်ဆိုတော့ ကောင်းတာပေါ့" မြင်းမူမောင်နိုင်မိုး။

မေး။ ကိုရီးယား ကဗျာဆရာတွေနဲ့ ခင်မင်ရင်းနှီးတာ ကြာပါပြီလား။ ဘယ်ပုံ၊ ဘယ်နည်း သိကျွမ်းခဲ့တာပါလဲ။

ဖြေ။ လွန်ခဲ့တဲ့ လေးနှစ်ကျော်လောက်ကပါ။ ကျွန်တော်က မလေးရှားနိုင်ငံမှာ လုပ်တဲ့ ကမ္ဘာ့ကဗျာဖတ်ပွဲတော် သွားရောက်ခဲ့ရာက တစ်ဆင့် သိကျွမ်း ခင်မင်ခဲ့တဲ့ ကဗျာဆရာ Tae Ho Han ကတစ်ဆင့် သူတို့နဲ့ အဆက်အသွယ်ရခဲ့တာပါ။

မေး။ အခု သူတို့က ဆရာ့ကဗျာတွေကို လည်း မြန်မာဘာသာမှ ကိုရီးယားဘာသာသို့ ပြန်ဆိုပြီး သူတို့နိုင်ငံမှာ ထုတ်ဝေမယ်လို့ ပြောပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဘယ်လိုသဘောရ ပါသလဲ။

ဖြေ။ ဟုတ်တယ်၊ ကျွန်တော်တို့ ကဗျာတွေကို သူတို့ဆီမှာ ဘာသာပြန်ပြီး ထုတ်ဝေမှာဖြစ်သလို သူတို့ကဗျာတွေကိုလည်း ကျွန်တော်တို့ဆီမှာ ဘာသာပြန်စပ်ဆိုပြီး ထုတ်ဝေပေးမှာပါ။ ဘာသာပြန်စပ်ဆို ဆိုတဲ့စကားက ဒီလိုပါ။ ကဗျာရဲ့ အကြောင်းအရာကို စကားပြေနဲ့ပြန်ဆိုပြီးမှ အနှစ်သာရကို ထိထိမိမိရှိအောင် မြန်မာကဗျာ ပုံသဏ္ဌာန်အသံ၊ ကာရန်၊ စနစ်တကျဖြစ်အောင် ပြန်လည်စပ်ဆို ပြီးမှ ထုတ်ဝေမယ်လို့ပြောတာပါ။ ကျွန်တော်တို့ကဗျာတွေကို သူတို့ဆီမှာ ပျံ့နှံ့အောင် ထုတ်ဝေပေးမယ်ဆိုတော့ ကောင်းတာပေါ့ဗျာ။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဖြစ်တဲ့ မြန်မာကဗျာရဲ့လေးနက်မှု၊ ပရိယာယ်ကြွယ်ဝမှု၊ သုတိ သာယာနာပျော်ဖွယ်ရှိမှုတို့ကို သူတို့အတိုင်းအတာ တစ်ခုလောက်ထိတော့ ခံစားသွားနိုင်တာပေါ့။

မေး။ ဘယ်လိုကဗျာမျိုးတွေကို ကိုရီးယားဘာသာသို့ ပြန်ဆိုထုတ်ဝေမယ်လို့ စိတ်ကူးမိပါသလဲ။

ဖြေ။ မြန်မာ့ဓလေ့၊ မြန်မာ့အငွေ့နဲ့ မြန်မာ့စိတ်ထား၊ မြန်မာ့နှလုံးသားကို ဖော်ကျူးတဲ့ ကဗျာတွေကို အဓိက ဦးတည်ပြီး ပျံ့နှံ့ဖို့ ကြိုးစားဆောင်ရွက်သွားမှာပါ။ ကျွန်တော့်ကဗျာတွေတင် မဟုတ်ဘဲ အခြားကဗျာဆရာများရဲ့ ကဗျာတွေကိုလည်း ပျံ့နှံ့အောင် ဆောင်ရွက်သွားဖို့ ကြိုးစားနေပါတယ်။

မေး။ ကိုရီးယားကဗျာဆရာတွေနဲ့ အမြဲတမ်းအဆက်အသွယ် ရှိနေပါသလား။

ဖြေ။ ဟုတ်ကဲ့။ သူတို့က သူတို့နိုင်ငံကထုတ်ဝေတဲ့ သုံးလတစ်ကြိမ် ကဗျာမဂ္ဂဇင်း၊ Sipyaung (Poem and Review) စာအုပ်မှာ အာရှခြောက်နိုင်ငံ (မြန်မာ၊ တောင်ကိုရီးယား၊ မွန်ဂို၊ ဂျပန်၊ ဗီယက်နမ်၊ တရုတ်)အနက် ကျွန်တော့်ကို မြန်မာနိုင်ငံက အယ်ဒီတာတစ်ဦးအဖြစ် တာဝန်ပေးအပ်ထားတာမို့ အမြဲလိုလို အဆက်အသွယ်ရှိနေပါတယ်။

ကဗျာဆရာ သုံးဦးကို တွေ့ဆုံမေးမြန်းပြီး အပြန်လမ်းခရီးတွင် ကျွန်တော့်ရင်ထဲ၌ ကဗျာရနံ့များ သင်းပျံ့နေ၏။ သူတို့သည် မိမိတို့ တတ်ကျွမ်းရာ အနုပညာ စာကဗျာဖြင့် ပြည်ရွာ၏အလှ၊ တိုင်းပြည်၏အလှကို ဖော်ကျူးနေကြပေသည်။ ယနေ့ကာလသည် အာကာ်ဘက်မှ ဖွံ့ဖြိုးတိုးတက်နေ၏။ လျင်မြန်စွာ ပြောင်းလဲဆန်းသစ်၍ နေကြသည်။

မြန်မာကဗျာဆရာတို့သည်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ် တစ်ရပ်ဖြစ်သော မြန်မာကဗျာကို မြန်မာပြည်တွင်းမှာသာမက နိုင်ငံတကာ ဝန်းကျင်အထိ မွှေးပျံ့နေအောင် စွမ်းဆောင်ကြရပေဦးမည်။ ထိုသို့ စွမ်းဆောင် ကြိုးပမ်းကြရာတွင် အမိမြေကို ချစ်မြတ်နိုးသောစိတ်ဖြင့် ကမ္ဘာ့အရှည်တည်နေသမျှ မြန်မာ့အလှထာဝရ တည်တံ့ပါစေဟူသော စေတနာဆန္ဒများဖြင့် ဦးတည်ရေးသား ဖွဲ့ဆိုနိုင်ကြပါစေဟု ဆန္ဒပြုမိပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

အဘိဓမ္မာ(ရိုးရိုး) စာမေးပွဲ ပထမဆင့်ကျင်းပ

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၅)ကြိမ်မြောက် အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲ ပထမဆင့် ဖြေဆိုပွဲကို ဒီဇင်ဘာ ၁၄ရက် မွန်းတည့် ၁၂နာရီက အမရပူရမြို့နယ် မြစ်ငယ်ဇေတဝန်ဓမ္မာရုံတွင် ကျင်းပရာ ၃၃ဦး ဝင်ရောက်ဖြေဆိုကြသည်။ (၂၀၉)

မူလွန်ကျောင်းပညာရည်ချွန်ဆုချီးမြှင့်

စစ်ကိုင်းတိုင်း ကသာခရိုင် ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းအုပ်စု အရှေ့ကုန်းကျေးရွာ မူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၉ရက် နံနက် ၁၀နာရီက ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ကြီးကိုယ်စား ဆရာဦးမျိုးဝင်းက အမှာစကား ပြောကြားပြီး ထူးချွန်ဆုရကျောင်းသားများအား ဆုများပေးအပ် ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြတ်ဆရာ ပူဇော်ပွဲကျင်းပမည်

ဒိုက်ဦးမြို့နယ် အထက(ခွဲ) ကဒုတ်ကျေးရွာတွင် ပညာသင်ကြားခဲ့ကြသောတပည့်များက မြတ်ဆရာများကို စတုတ္ထအကြိမ်မြောက် ပူဇော်ပွဲကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၂ရက် နံနက်၈နာရီတွင် ကျောင်းခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းပူဇော်လိုကြသူများသည်ဦးဌေးလွင်(ရွက်လှသစ်ရောင်းဝယ်ရေး)ဖုန်း-၀၁-၅၇၂၁၈၃၊ ဦးအောင်ကျော်မင်း(ရွှေဥဒေါင်းမင်းပွဲရုံ)ဖုန်း-၀၉-၅၃-၀၀၁၅၀နှင့်ဦးမင်းသိန်း ကဒုတ်ဘုရားကြီး ဖုန်း-ကဒုတ်-၁၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (၀၆၀)

ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး ပညာပေး

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် နံနက်၉နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ကျင်းပရာ ခေတ္တမြို့နယ်မှူး ဦးစောဝင်းက ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ဖို့ အားလုံးပါဝင် ဆောင်ရွက်စို့ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ကျန်းမာရေးမှူး ဒေါ်အေးရွှေက ကိုယ်ချင်းစာပါ နားလည်ပါ သင်လည်းလူသားပါဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အရာတော်မြို့ စုပေါင်းမဟာဘုံကထိန်

အရာတော်မြို့နယ်၏ အကြိမ်(၈၀)မြောက် စုပေါင်းမဟာဘုံကထိန် ပွဲတော်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၁ရက် မွန်းတည့် ၁၂နာရီက ရွှေဘုံသာဓမ္မာရုံ၌ ကျင်းပရာ ပိတောက်ပင်ကျောင်းတိုက် ဆရာတော် ဦးရေဝတ အမှူးပြုသော သံဃာတော်၁၀၆ပါးတို့အား မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ပဒေသာပင်၁၀၆ပင်ကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေသန့်ရေစစ်ကန် ပြုလုပ်ရန်ပန္နက်တင်

ကျောက်တန်းမြို့ ကျိုက်မှော်ဝန်းရေလယ်စေတီတော်သို့ ဘုရားဖူးလာသူများ သောက်ရေသန့်ရရှိရေးအတွက် မြို့ဘက်ကမ်းရှိ ရေလှောင်ကန်မှ တစ်ဆင့် ကောင်းကင်ရေပိုက်ဖြင့် စေတီတော်သို့ ပို့ဆောင်ပေးရန် ရေသန့် ရေစစ်ကန် (SLOW SAND FILTER) ပြုလုပ်ရန် ပန္နက်တင် မင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ၂၈ရက်နံနက်က ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်၊ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလှရွှေ၊ အတွင်းရေးမှူး ဦးလှသွင်နှင့် စာရင်းစစ် ဦးစိုးဝင်းတို့က သတ်မှတ်နေရာများတွင် ပန္နက်ရိုက်ပေးကြသည်။ **(၁၁၅)**

စည်ပင်ဒုညွှန်ချုပ် မင်းတပ်မြို့၌ လုပ်ငန်းများစစ်ဆေး

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအုန်းညွန့်သည် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး လိုက်ပါလျက် မင်းတပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် လမ်းတံတား၊ ရေပေးရေးလုပ်ငန်းများ၊ မြို့သန့်ရှင်းသာယာလှပရေး၊ စည်ပင်သာယာဈေးတို့ကို ဒီဇင်ဘာ ၁၉ရက်က ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့်စာဖတ်ဝိုင်း ကျင်းပ

တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နှစ် (၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး လင်းရောင်ခြည် စာကြည့်တိုက်၌ ဒီဇင်ဘာ၂၄ရက်က နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်း ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးမှူးဒေါ်ရီရီရှိန်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ရှင်းလင်းပြောကြားသည်။ **(က-ပ)**

ကျေးလက်ရေပေးရေး ဆောင်ရွက်

မိုးမောက်မြို့ မြို့သစ်ကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ရေပိုက်လိုင်းများ ပြုပြင်ဆောင်ရွက်ခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၁၂ရက်က မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင် ကြီးကြပ်ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး ကြီးကြပ်ပေးကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၂၄၅ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ အမည် ဦးသန်းလွင် မှတ်ပုံတင်အမှတ် ၉/မရမ(နိုင်)၀၇၂၆၉၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

မှူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ရှင်သီဒတ်လမ်း၊ အမှတ် ၆၁၁နေ
ဦးမျိုးဝင်း(ခ)ဦးအစိုင်-(ဒေါ်ခင်အေးသိန်း)တို့၏ သားငယ်

မောင်အောင်သိန်းဝင်း(ခ)မင်းမင်း

B.Sc (Bot), Dip of Y.I.T (Mechanical)
Fanglee Metal Co., Ltd, Singapore

နှင့်

မြောင်းမြမြို့၊ ဦးဘချိုလမ်း၊ အမှတ် ၁၄၁ နေ
ဦးဘိုကြီး-ဒေါ်သန်းသန်းမြင့်(မျိုးဆက်သစ်ဘော်ဒါ)
တို့၏ သမီးကြီး

မမေစုစုဟန်

B.Com(Q), CPA(Part-2), CAT, ACCA(Part-3)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၈-၁၂-၂၀၀၇ရက်၌ လက်မှတ်ရေးထိုးပြီး ၁-၁-၂၀၀၈ ရက်တွင် စင်ကာပူနိုင်ငံ၌ မင်္ဂလာဆည်ခံပွဲ ကျင်းပပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
မောင်အောင်သိန်းဝင်း-မမေစုစုဟန်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ ၄၂လမ်း X ၈၂လမ်းထောင့်၊ ရှမ်းဖက်ရိပ်သာနေ ဒေါ်ညွန့်ရီ၊ ဦးအောင်မြင့်-ဒေါ်ခင်ခင်စိန်၊
အမှတ်၁၁၁/က၊ ၈၂လမ်း၊ ရှမ်းပွဲရပ်နေ (ဦးထွန်းလင်း)-ဒေါ်အေးအေး၊
တောင်ကြီးမြို့၊ ၁၄၈၊ သီတာလမ်း၊ ညောင်ရွှေဟော်ကုန်းရပ်နေ (ဦးသန်းညွန့်-ဒေါ်ညွန့်ညွန့်)တို့၏ မြေး၊
ဦးထွန်းထွန်းဦး-ဒေါ်စန်းစန်းညွန့်(သနပ်ဖက်ရောင်းဝယ်ရေး)တို့၏ သားကြီး

ဗိုလ်မင်းသန့်

(B.E Mechanical. 10th Intake D.S.T.A) နှင့်

ဒုတိယဗိုလ်မှူးကြီးကျော်ရွှေ(ငြိမ်း)(ညွှန်ကြားရေးမှူး၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)-ဒေါ်နန်းသိင်္ဂီယဉ်
(ရွှေစင်ထွန်း စိန်ရတနာရွှေဆိုင်၊ သပြေကုန်းဈေး၊ နေပြည်တော်)တို့၏ တစ်ဦးတည်းသောသမီး

နန်းချစ်ငြိမ်းချမ်းကျော်

Final Part-II(M.B.B.S)Director, Golden Light House
(Automobile General Services & Industry)

တို့၏ စေ့စပ်ကြောင်းလမ်းပွဲကို (၁၃၆၉ခုနှစ်၊ နတ်တော်လပြည့်ကျော်၄ရက်) ၂၈-၁၂-၂၀၀၇ရက်(သောကြာနေ့)ညနေ၃နာရီက မန္တလေးမြို့ Sedona Hotel Amarapura Ballroom ၌ နှစ်ဖက်သော မိဘဆွေမျိုး ဧည့်ပရိသတ်ရှေ့မှောက်တွင် ကျင်းပပြီးစီးပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ဗိုလ်မင်းသန့်-နန်းချစ်ငြိမ်းချမ်းကျော်။**

ငွေသော်တာကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ ၂၀၀၈ခုနှစ် နှစ်သစ်ကူးအကြို အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲအား ရန်ကုန်မြို့ ငွေသော်တာဂေါက်ကွင်း၌ ကျင်းပရာ ဦးမြင့်ဇော် (မြန်မာ့ဆန်စက်ကုမ္ပဏီလီမိတက်)က ကျင်းအမှတ်(၄)တွင် Iron-5 ဘောလုံးအမျိုးအစား Titliest-4ဘောလုံးဖြင့် တစ်ချက်တည်းကျင်းဝင် (Hole in One)ရရှိပါသည်။ ဦးမြင့်ဇော်နှင့်အတူ ဂေါက်သီးကစားဖော်များအဖြစ် ဦးလူမော်မြင့်မောင်၊ ဦးထွန်းထွန်းဝင်း၊ ဦးခင်မောင်ဇင်နှင့် ဦးအေးလွင်တို့ပါရှိကြသည်။ ပြိုင်ပွဲဝင်ဆုရ အားကစားသမားများအား မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်းဥက္ကဋ္ဌဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။ **(က-ပ)**

သဒ္ဒါတတ်မှ စာတတ်မယ်
သာနုန်
အခြေခံ အင်္ဂလိပ် သဒ္ဒါ
ထွက်ပြီ

MRTV-4 ၌လက်တွေ့ထုတ်လွှင့်ပြသနေသောဆရာကိုယ်တိုင်သင်ကြားမည်။
အချိုရည်၊ ဂျယ်လီနှင့်ရေခဲမုန့်၊ အအေးစုံ မုန့်ဖုတ်သင်တန်း
သင်တန်းရက် (1) (6.1.08) မှ (11.1.08) သင်တန်းရက် (2) (8.1.08) မှ (13.1.08)
Master စားသောက်ကုန်သင်တန်း၊အမှတ်(၁၄၇)၊ ၂၇လမ်း၊ (အလယ်) စူပါဝိုင်း(မ်)နာရီဆိုင်အပေါ်ထပ်၊ရန်ကုန်ဖုန်း-09-5134497(သင်တန်းVCDရမည်)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၇၅/အေ)၊ မြေညီထပ်နှင့်ပထမထပ် အိမ်ခန်းတို့နှင့်ပတ်သက်၍ အများသိစေရန်

ကျွန်ုပ်၏အမှုသည် ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၄လမ်း၊ ၉၉ နေ မအေးခင်နှင့် လသာမြို့နယ်၊ လသာလမ်း၊ ၇၉နေ မခင်ခင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ ၆၇၅(အေ)၊ မြေညီထပ်နှင့် ပထမထပ်၊ အိမ်ခန်းတို့သည် ကွယ်လွန်သူ မိဘများဖြစ်ကြသော ဦးဟန်စိန်နှင့် ဒေါ်ကျင်တိုးတို့မှ နေထိုင်ကျန်ရစ်ခဲ့သော ကျွန်ုပ်၏အမှုသည်နှစ်ဦးအပါအဝင် ကိုအုန်းခင်နှင့် ကိုဟုတ်ခင်(ပျောက်ဆုံး)စသည့် သားသမီးတို့၏ ဆက်ခံပိုင်ဆိုင် အကျိုးခံစားလျက်ရှိသော အမွေဆိုင်ပစ္စည်းများဖြစ်ကြပါသည်။

ယင်းအိမ်ခန်းများ၏ ပထမထပ်အိမ်ခန်းတွင် ကိုအုန်းခင်က နေထိုင်လျက်ရှိပြီး မြေညီထပ်အိမ်ခန်းကို သူတစ်ပါးအား လွှဲပြောင်းငှားရမ်းပေးရန် ကြိုးစားအားထုတ်လျက်ရှိပါသည်။

အမွေဆိုင်များဖြစ်ကြသော ကျွန်ုပ်၏အမှုသည်နှစ်ဦးတို့၏ သဘောတူညီချက်မရှိဘဲ ယင်းအမွေဆိုင် အိမ်ခန်းနှစ်ခန်းတို့ကို ငှားရမ်းခြင်း၊လွှဲပြောင်းရောင်းချခြင်း တစ်နည်းနည်းဖြင့်လွှဲပြောင်းရယူခြင်းစသည့် ပြုလုပ်မှုများကိုမပြုလုပ်ရန်တားမြစ်လိုက်ပါသည်။ ပျက်ကွက်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်းနှင့် ဖြစ်ပေါ်လာသော အကျိုးဆက်တို့သည် ပြုလုပ်သူတို့၏ တာဝန်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-**ဦးလှဝင်း(ဝိဇ္ဇာ၊ဥပဒေ)၊ ဥပဒေဝိဇ္ဇာ**
တရားရုံးချုပ်ရှေ့နေ(စဉ်-၁၅၁၇)
အမှတ်(၃၅)၊ ပထမထပ်၊ ၂၁ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် သစ်တောရေးရာအသင်း ခြေစွမ်းပြအနိုင်ရပြီး သုံးမှတ်ယူ

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေး (မြန်မာလိဂ်)ဘောလုံးပြိုင်ပွဲကို ယမန်နေ့ညနေ ၃နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ သစ်တောရေးရာအသင်းက တပ်မတော်(ကြည်း)အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဦးဆောင်ဂိုး

သစ်တောရေးရာ အသင်းသည် ပွဲဦးထွက်၌ စီးပွား/ကူးသန်းအသင်းကို ရှုံးနိမ့်ထား၍ ယနေ့ပွဲအနိုင်ရရှိရေးအတွက် ခြေကုန်ထုတ်ကစားရာ ပထမပိုင်းမှာပင် ဦးဆောင်ဂိုးနှစ်ဂိုး ရရှိခဲ့သည်။ သစ်တောရေးရာအသင်း ခြေစွမ်းပြကစားနိုင်မှုကြောင့် တပ်မတော်(ကြည်း)အသင်း ကစားကွက်မတည်နိုင်ဘဲ ဖြစ်ခဲ့ရသည်။ လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်းကိုပင် နှစ်ဂိုး-တစ်ဂိုးဖြင့်သာ ကပ်၍ရှုံးနိမ့်ခဲ့သော တပ်မတော်(ကြည်း)အသင်းသည် သစ်တောရေးရာအသင်းကို ချေပဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ချေ။

သစ်တောရေးရာအသင်းအတွက် ပထမဂိုးကို ပွဲချိန်၃၈မိနစ်တွင် မြတ်ထူးနိုင်က သွင်းယူပေးသည်။ ဒုတိယဂိုးကို ပထမပိုင်းပြီးဆုံးခါနီး ပွဲချိန်၄၄မိနစ်တွင် မြတ်ထူးနိုင်ကပင် သွင်းယူပေးသည်။ မြတ်ထူးနိုင်သည် မဲခေါင်ဒေသနိုင်ငံများချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲဝင်မြန်မာလူငယ်ဘောလုံးအသင်း၌ ပါဝင်ခဲ့သူဖြစ်သည်။ဒုတိယပိုင်းတွင် သစ်တောရေးရာအသင်းက လူငယ်ကစားသမားများကို လူစားလဲလှယ်၍ ကစားအား မြှင့်တင်ခဲ့သော်လည်း သေချာပေါက် အခွင့်အရေးများ၌ ဂိုးကံခေ၍ နှစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရသည်။ တပ်မတော် (ကြည်း)အသင်းသည် ဒုတိယပိုင်းတွင် ကစားကွက်ပြန်တည်၍ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း သစ်တောရေးရာ နောက်တန်းကို ကျော်ဖြတ်နိုင်ခြင်းမရှိခဲ့ချေ။

သုံးမှတ်စီရရှိ

ယနေ့ပွဲစဉ်အပြီးတွင် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက် ဦးဆောင်နေသည်။ စီးပွား/ကူးသန်း၊ ကာကွယ်ရေး၊ ကမ္ဘောဇ၊ ပို့ဆောင်ရေး၊ သစ်တောရေးရာတို့က တစ်ပွဲစီနိုင် သုံးမှတ်စီရရှိထားပြီး မြို့တော်စည်ပင်၊ ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် မြန်မာ့မီးရထားတို့က တစ်ပွဲစီသရေ တစ်မှတ်စီ ရရှိထားကြသည်။

ပွဲအပြီးတွင် အနိုင်ရရှိသွားသော သစ်တောရေးရာအသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ရေးဦးစွာ သစ်တောရေးရာအသင်း အုပ်ချုပ်သူဦးစိန်ဝှက်(ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)က "ယနေ့ပွဲစဉ်၌ နှစ်သင်းစလုံးကစားပုံကောင်းပါကြောင်း၊ မိမိတို့ အသင်းခြေစွမ်းပြကစားနိုင်ခဲ့ကြောင်း၊ အနိုင်ရသော်လည်း လိုအပ်ချက်များရှိနေဆဲဖြစ်၍ ဆက်လက်ကြိုးစားရဦးမည်ဖြစ်ကြောင်း၊ ယခုနှစ်၌ အနည်းဆုံးအဆင့်ခြောက်အတွင်း ဝင်ရမည်ဟူသော ရည်မှန်းချက်ဖြင့် လေ့ကျင့်မှုကို အကောင်းဆုံး လုပ်ထားကြောင်း၊ တနင်္ဂနွေတစ်ရက်မှလွဲ၍ ပုံမှန်လေ့ကျင့်လျက်ရှိပါကြောင်း၊ သစ်တောရေးရာဘောလုံးအသင်း အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာ (စီမံကိန်း) ဦးအေးကျော်၏ ဦးဆောင်မှုဖြင့် အုပ်ချုပ်သူနည်းပြအဖွဲ့တို့ စုပေါင်းညှိနှိုင်းတိုင်ပင်၍ အောင်မြင်မှုရရှိရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း"ပြောကြားခဲ့သည်။

ပံ့ပိုးကူညီ

သစ်တောရေးရာအသင်းအောင်မြင်မှု ရရှိရေးအတွက် ပံ့ပိုးကူညီလျက်ရှိသော မြန်မာ-ကိုရီးယားအပြည်ပြည်ဆိုင်ရာ သစ်လုပ်ငန်းမှ အုပ်ချုပ်မှုဒါရိုက်တာ Mr.JH Kin ကလည်း "မြန်မာ့ဘောလုံးအားကစား အဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် ရည်ရွယ်၍သစ်တောရေးရာအသင်းကို ပံ့ပိုးကူညီနေခြင်းဖြစ်ပါကြောင်း၊ကစားသမားများကို ထောက်ပံ့ကြေးလစဉ်ပေးပြီးစားစရိတ်၊ဆေးဝါးကုသစရိတ်၊ အထွေထွေကုန်ကျစရိတ်၊လေ့ကျင့်ရေးကွင်း (ကျိုက္ကဆံကွင်း)ငှားစရိတ်နှင့် ဝတ်စုံစရိတ်များကိုပံ့ပိုးပေးပါကြောင်း၊ နိုင်ပွဲရလျှင် ဆုကြေးပေးကြောင်း၊ ယနေ့ပွဲအနိုင်ရရှိ၍ ငွေကျပ်ငါးသိန်း ချီးမြှင့်မည်ဖြစ်ကြောင်း၊လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းကို အနိုင်ရရှိပါကလည်း ငွေကျပ် ၁၀ သိန်း ချီးမြှင့်မည်ဟုပြောကြားထားကြောင်း၊ဝန်ထမ်းမဖြစ်သေးသည့် ကစားသမားများကိုလည်း လစာများပေး၍ ထောက်ပံ့ကြောင်း၊ယမန်နှစ်ဘောလုံးရာသီပြီးဆုံးခါနီးမှ စတင်၍ ပံ့ပိုးကူညီမှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

ဂိုးမရှိသရေ

ယနေ့ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကမ္ဘောဇအသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေ ဖြစ်သွားသည်။

ယနေ့ပွဲ

ဇန်နဝါရီ ၂ရက် **(ယနေ့)**ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

သတင်းမြင်ကွင်း-ကိုထွေး

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်ခြင်းနှင့် စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်ခြင်းနှင့် စာနယ်ဇင်းမိတ်ဆက်ရှင်းလင်းပွဲကို ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ ဟိုတယ်ရွှေဂုံတိုင်၌ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင်များနှင့် အလှူရှင် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် လျှမ်းထက်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဟိုတယ်ရွှေဂုံတိုင်ပိုင်ရှင် ဦးသက်လွင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဦးမေတ္တာက ဦးသက်လွင်၏သား ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် လျှမ်းထက်၏ အနုပညာလှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးသက်လွင်နှင့် သရုပ်ဆောင်လျှမ်းထက်တို့က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ် တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁)ဦးသန်းလှိုင်(တက္ကသိုလ်သခ်)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင် ဦးမောင်မောင်မြင့်အေးတို့က လက်ခံကြသည်။**(အပေါ်ပုံ)**

ပြန်လည်ဖြေကြား

ဆက်လက်၍ တက်ရောက်လာကြသည့် စာနယ်ဇင်းများမှတာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သရုပ်ဆောင်လျှမ်းထက်၊ ဒါရိုက်တာကုသိုလ်နှင့် အကယ်ဒမီခင်မောင်ကြီး(တေးဂီတ)တို့က ပြန်လည်ဖြေကြားကြသည်။

စတင်ခြေချ

သရုပ်ဆောင်လျှမ်းထက်သည် ၁၉၉၈ခုနှစ်၌ အနုပညာလောကသို့ စတင်ခြေချခဲ့ပြီး ရုပ်မြင်သံကြားကြော်ငြာများအပြင် နှောင်ထုံးဖွဲ့မေတ္တာ၊ ဆဋ္ဌဂံနှင့် ရွှေရောင်လွှမ်းသော မနက်ဖြန်များ ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။

ပါဝင်သရုပ်ဆောင်

လျှမ်းထက်သည် ဗီဒီယိုဇာတ်ကား ၁၀ကားခန့်၊ ကြော်ငြာ ၁၅ခုခန့်နှင့် နိုင်ငံအကျိုးပြု ရုပ်မြင်သံကြားဇာတ်လမ်းများရိုက်ကူးခဲ့ပြီး ၂၀၀၀ပြည့်နှစ်၌ အမေရိကန်နိုင်ငံသို့ သွားရောက်ပညာသင်ယူနေခဲ့ကာ ၂၀၀၄ ခုနှစ်တွင် ပြန်လည်ရောက်ရှိ၍ အနုပညာလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခဲ့ရာ ဒုတိယမြောက်မှတ်စုများနှင့် အိမ်ထောင်ရေးရိုက်ချက် ဗီဒီယိုဇာတ်ကားတို့၌ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ ယခုအခါဒါရိုက်တာကုသိုလ်ရိုက်ကူးသော သမုဒယသကြိန် ဗီဒီယိုဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

မတူပီ၌ ရှေ့ရင်အေးစပါး စံကွက်ရိတ်သိမ်း

မတူပီ ဒီဇင်ဘာ ၁၃

ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့နယ်၏ ၂၀၀၇ ခုနှစ် မိုးရာသီ ရှေ့ရင်အေးစပါး အထွက်တိုးဇုန်ဧက ၅၀ ကို လည်မျိုကွင်းတွင် နိုဝင်ဘာ ၇ ရက်က တောင်သူဦးကြီး ဦးစာလိုန်းလယ်၌ ရှေ့ရင်အေးစပါးစံကွက် ရိတ်သိမ်းပွဲ ကျင်းပရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းဦးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဌေးအောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှု အားပေးကြသည်။**(အပေါ်ပုံ)**

ရှေ့ရင်အေးစပါးမျိုးစိုက်ပျိုး

မတူပီမြို့နယ်၏ ၂၀၀၇–၂၀၀၈ ခုနှစ် မိုးစပါးစိုက်ဧက ၁၈၂၄၉ ဧကတွင် ရှေ့ရင်အေးစပါးမျိုး ၆၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လည်မျိုကွင်း၌ ဧက ၅၀ စိုက်ပျိုးခဲ့ရာ ပျမ်းမျှတစ်ဧက ၈၆ ဒသမ ၀၆ တင်း ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပင်လောင်း၌ ဒေသတွင်း လူမှုစီးပွားရေးဘဝဖွံ့ဖြိုးရေး ဆွေးနွေး

ပင်လောင်း ဒီဇင်ဘာ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာ တာဝန်ခံများပူးပေါင်း၍ ဒေသတွင်း လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ဒီဇင်ဘာ၁၂ရက်က မြောက်ထီဗွာကျေးရွာအုပ်စု ကောင်ထိုရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဌေးက အမှာစကား ပြောကြားပြီး စီမံကိန်းဦးစီးအရာရှိ၊စည်ပင်အမှုဆောင်အရာရှိ၊ စိုက်ပျိုးရေးလုပ်ငန်းမှ ကိုယ်စားလှယ်၊ မြေစာရင်းဦးစီးဌာနမှ ကိုယ်စားလှယ်၊ သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းရပ်များအကြောင်း ဆွေးနွေး ဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာ ၁၆ရွာမှ ကိုယ်စားလှယ်များက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဖြေကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးကျော်ဌေးက ကောင်ထိုရွာတွင် ဖွင့်လှစ်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုး သုတဇိမာန်စာကြည့်တိုက်သို့ ရန်ပုံငွေကျပ် ၁၀၀၀၀ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်လင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ပင်စိမ်းလမ်းအရှည်ပေ၁၂၀၀၀၊ အကျယ် ၁၂ပေရှိ ကတ္တရာခင်းခြင်း ဆောင်ရွက်မှုကို နိုဝင်ဘာ ၂၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်ဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးနေလင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးထွဏ်းတို့ နိုဝင်ဘာ ၂၂ ရက်က ရပ်ကွက်(၃)ရှိ မန္တလေး လမ်းဘေးဝဲယာချုံနွယ်များ ရှင်းလင်းမှုကို ကြပ်မတ်ဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

ရမည်းသင်းမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စာသင်ကျောင်းနှင့် စာကြည့်တိုက်သို့ ခုံများလှူဒါန်း

ရမည်းသင်း ဒီဇင်ဘာ ၉

ရမည်းသင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမ၌ ဒီဇင်ဘာ ၁ရက်က စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ စာသင်ကျောင်းများနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာသင်ခုံများ လှူဒါန်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အသင်း အတွင်းရေးမှူးဦးဇော်ဝင်းက အခြေခံပညာမူလတန်းကျောင်း ၅၅ကျောင်းကိုတစ်စုံလျှင် ငွေကျပ်၁၂၀၀၀နှုန်းဖြင့် ကျပ်လေးဆယ့်ခြောက်သိန်းနှစ်သောင်းတန်ဖိုးရှိ ခုံ၃၈၅ စုံကိုပညာရေးအထောက်အကူပြုစာသင်ခုံ လှူဒါန်းရခြင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ငွေကျပ်တစ်သိန်းနှစ်သောင်းတန်ဖိုးရှိခုံ၁၀စုံကို လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အလှူရှင်များကိုယ်စားဦးမြင့်စိုးက အလှူငွေများကို မြို့နယ် အသင်းအတွင်းရေးမှူးဦးဇော်ဝင်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စာသင်ခုံများကို မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က ပေးအပ်လှူဒါန်းရာ အခြေခံပညာမူလတန်းကျောင်းများအတွက် လက်ထောက်ပညာရေးမှူးက လက်ခံယူပြီး ကျေးရွာစာကြည့်တိုက်များအတွက် ခရိုင်ဦးစီးအရာရှိက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ကတ္တရာခင်း

နိုဝင်ဘာ ၂၅ ရက်က မင်းဘူး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် အမှတ်(၄) ရပ်ကွက် မမင်းပူး ဘုရားလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူနိုင်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြော အဖွဲ့ဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်

တောင်ငူ ဒီဇင်ဘာ ၁

တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ကြီးမှူး၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဟောပြောပွဲနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောပွဲများကို နိုဝင်ဘာ ၂၀ ရက်က ကျောက်ကြီးမြို့ အထက ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းလုံ **(ယာပုံ)**က အဖွင့်အမှာစကားပြောကြားပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ပတ်သက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်အာရ်သီးဒေဝီက လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာနှင့် ဖွဲ့စည်းပုံကို အတွင်းရေးမှူး ဒေါ်အေးအေးဇင်က လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရက ခုခံအားကျဆင်းမှု ကူးစက်ရောဂါတားဆီးကာကွယ်ရေးနှင့် အမျိုးသမီးများနှင့် ကျန်းမာရေးအကြောင်းကိုလည်းကောင်း၊ သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာ သိန်းဇော်လတ်က သွားနှင့် ခံတွင်း ကျန်းမာရေးကိုလည်းကောင်း ဟောပြောကြ၍ ဆရာမများနှင့် ကျောင်းသူများအား အဖွဲ့ဝင်ကတ်ပြားနှင့် ရင်ထိုးတံဆိပ်များ ပေးအပ်ပြီး ကျောင်းသူ ကျောင်းသားများအား စာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(၃၇၂)**

မုဒုံ၌ စာကြည့်တိုက်များ ဆောက်လုပ်ရေး ဆောင်ရွက်

မော်လမြိုင် ဒီဇင်ဘာ ၁၂

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှလှဦးသည် နိုဝင်ဘာ ၂၀ ရက်က မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ၂၀၀၈ ခုနှစ် မတ်လတွင် အပြီးဆောက်လုပ်ရမည့် စာကြည့်တိုက်ဆောက်လုပ်ပြီးစီးရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ခရိုင်ဦးစီးအရာရှိသည် မုဒုံမြို့နယ် ဦးစီးမှူးဒေါ်မိုးမိုးစန္ဒာထွန်း၊ ဝန်ထမ်းများနှင့်အတူ မုဒုံမြို့နယ် ကော့ခပုံကျေးရွာ၊ မိုန်ကနိမ်းကျေးရွာနှင့် နိုင်းပြိုင်ကျေးရွာများသို့ သွားရောက်၍ ဆောက်လုပ်လျက်ရှိသော စာကြည့်တိုက်များကို ကွင်းဆင်းစစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဘားအံ အမှတ်(၉)ရပ်ကွက် ဆင်ဖြူရှင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ဘားအံ ဒီဇင်ဘာ ၃၀

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်သည့် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ဆင်ဖြူရှင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် လမ်းသစ်ကို ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့်လမ်းဖြစ်မြောက်ရေးကော်မတီမှ ဦးဟန်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါလမ်းမှာ အရှည် ၅၇၅ ပေ၊ အကျယ် ၁၄ ပေဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့ထည့်ဝင်ငွေကျပ် ၂၂၀၄၄၀၀နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၃၁၃၅၆၀၀ စုစုပေါင်း ငွေကျပ် ၅၃၃သမ၄သိန်းဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

ကျောင်းကုန်းမြို့နယ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ကျောင်းကုန်း ဒီဇင်ဘာ ၃၀

ဗဒင်ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက် ဖဲကြိုးဖြတ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီက ဇရောဝတီတိုင်း ကျောင်းကုန်းမြို့နယ် ရွာသာကုန်းအုပ်စု ရွာသာကုန်းကျေးရွာ စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသိန်းထွန်း၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှပိုမိုနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌမန်းသန်းဝင်းဋ္ဌေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးဉာဏ်လှိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသိန်းထွန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်လှပိုမိုတို့က အမှာစကားပြောကြားကြပြီး ကျေးရွာဥက္ကဋ္ဌမန်းသန်းဝင်းဋ္ဌေးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်နှင့် ဧည့်သည်တော်များက ဗဒင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွင်းသို့ လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ပြောကြားကြောင်း သိရသည်။ **(၂၆၅)**

ဦးကျော်လှိုင်-ဒေါ်ဝင့်သူသူမောင်နှင့် သမီး မရွှန်းလဲ့လဲ့၊ သား မောင်သုခကျော်လှိုင် မိသားစုက အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံအတွက် အလှူငွေကျပ် နှစ်သိန်းကို အဘိဓမ္မာမဟာသိပ္ပံရုံးခွဲ ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်ရှိ သုခကာရီဓမ္မာရုံ၌ ပေးအပ်လှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ ဒုတိယပါမောက္ခချုပ်နှင့် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးမြသန်း လက်ခံယူစဉ်။ (က-ပ)

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွံ့စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှု လုပ်ငန်းများအတွက် ဒီဇင်ဘာ ၁၂ ရက်က ဒေါ်မြသန်းအားရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မကြီးကြီးလမ်းနေ ဦးချစ်လှိုင် မိသားစုက ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။

(၁၆၈)

မြို့နယ် သတင်းများ

ကျေးလက်နေပြည်သူများ အသိပညာတိုးပွားရေး ဟိုပင်မြို့ ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်လှူဒါန်း

ဟိုပင် ဒီဇင်ဘာ ၁၅

ကချင်ပြည်နယ်ဟိုပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ထားသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သုတ ရသ စာအုပ်များ၊ ဂျာနယ် စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ဟိုပင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စာအုပ်အလှူရှင်များကိုယ်စား ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုက ကျေးလက်နေ ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားပြီး စာဖတ်ရှိန် မြင့်မားစေရန်အတွက် သုတ ရသ စာအုပ်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်ချို့နှင့် ဇနီး ဒေါ်နန်းနီနီလှ မိသားစုက ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ သုတရသစာအုပ်များ၊ ဟိုပင်မြို့ အုပ်ချုပ်ရေးမှူး ဦးခိုင်မင်းကိုနှင့် ဇနီး၊ ဟိုပင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝင်းမိသားစုက သုတစာအုပ်၁၀၀၊ ဟိုပင်မြို့ပြည်သူ့ဆေးရုံမှ ဒေါက်တာမျိုးမျိုးဝင်းက သုတစာအုပ် ၅၀နှင့် ကျန်းမာရေးမှူး ဦးမျိုးသန့်က ဂျာနယ်မျိုးစုံ အစောင် ၃၀၀တို့ကိုပေးအပ်လှူဒါန်း ကြရာ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌများနှင့် စာကြည့်တိုက်မှူးများက လက်ခံယူကြသည်။

(မြို့နယ်ပြန်/ဆက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများဆွေးနွေး

လင်းခေး ဒီဇင်ဘာ ၂၀

လင်းခေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်ကျော်ညွန့်နှင့်အဖွဲ့ ဒီဇင်ဘာ ၁၂ရက် နံနက် ၇နာရီက လင်းခေးမြို့နယ် တိန်းကွမ်းကျေးရွာ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများအကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာပေးဟောပြောခဲ့ကြရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးအယ်လ်စိုးထန်တူးက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရေးကို ကျေးရွာဒေသခံပြည်သူများနှင့် စာကြည့်တိုက်ကော်မတီဝင်များ ဆွေးနွေးဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကလေးဝမြို့နယ် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ကလေးဝ ဒီဇင်ဘာ ၁၀

ကလေးဝမြို့နယ်တွင် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၂/၂၀၀၇) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက်က မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဇင်က အမှာစကား ပြောကြားသည်။

ဆုများချီးမြှင့်

သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၉ ရက်တွင် ကျင်းပရာ သင်တန်းတွင် ထူးချွန်မှု ပထမဆုရရှိသူ ကိုင်းကျေးရွာမှ ဒေါ်မော်မော်လွင်နှင့် ဒုတိယဆုရရှိသူ ရှမ်းအင်းရွာမှ ဒေါ်ကြူကြူတို့အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးညီညီဇော်က ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(၂၇၃)

ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အတွင်းရေးမှူး ဦးသိန်းဇော်တို့ ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇ - ၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကြာနီကန်လမ်း ထပ်ပိုးကတ္တရာခင်းခြင်းနှင့် ရုံးဖြတ်လမ်း ထပ်ပိုးကတ္တရာခင်းခြင်းဆောင်ရွက်မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်လွင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့နယ် သုံးဘီးမော်တော်ယာဉ်ငယ်အသင်း ရုံးခန်းဖွင့်ပွဲနှင့် ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်က အဆိုပါ အသင်းရုံး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုး ဆိုင်းဘုတ်တင်ပေးစဉ်။ (၄၁၃)

လောင်းဝေဿန် မင်္ဂလာဓမ္မဗိမာန်ရေစက်ချပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

လပွတ္တာ ဒီဇင်ဘာ ၃၀

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် လ/တောင်ကျေးရွာအုပ်စုအတွင်းရှိ ရှင်စောမြတ်စေတီတော်**(ဝဲပုံ)**၏ လောင်းဝေဿန်ဓမ္မဗိမာန်တော်ကြီးတွင် ဒီဇင်ဘာ၂၆ရက်က နတ်စင်တစ်ရာလောကနတ် ပရဟိတကျောင်းတိုက် သန်လျင်မြို့ ဆရာတော်ဘဒ္ဒန္တ ပညာဇောတ အကျိုးဆောင်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်၊ ခရိုင်ရဲတပ်ဖွဲ့မှူးဇော်ဝင်းနှင့်ဇနီးဒေါ်စန်းစန်းမြ၊ လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ခရိုင်နှင့်မြို့နယ်သာသနာရေးဦးစီးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှိုင်ဦးနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရန်ကုန်မြို့မှ မစ္စတာချူးကော့အန်နှင့် ဇနီးဒေါ်ဌေးဌေးမော်၊ ဘုရားဒါယကာ ဒါယိကာမများ၊ လပွတ္တာမြို့ပေါ်နှင့် နယ်သူနယ်သားများ၊ လ/တောင်ကျေးရွာအုပ်စုအတွင်းရှိ အလှူရှင်များစုပေါင်းပြီး သံဃာတော်အရှင်သူမြတ် ၄၁၇ပါးအား နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဒါနများ လှူဒါန်းကြသည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ၂၇ရက်တွင် သိန်း၁၀၀၀ကျော် အကုန်အကျခံ လှူဒါန်းခဲ့သည့် လောင်းဝေဿန်မင်္ဂလာဓမ္မဗိမာန်တော်ကြီး ရေစက်ချပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မိုးကုတ်ဝိပဿနာ ကမ်းပြိုကျောင်းသို့ ငွေလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ကမ်းပြိုရပ်ကွက် နည်းပညာတက္ကသိုလ်အနီး မိုးကုတ်ဝိပဿနာ ကမ်းပြိုကျောင်းအတွင်း တည်ဆောက်မည့် နှစ်ထပ်ယောဂီဆောင်အတွက် ဒေါ်တင်တင်ထွေး(စုစုရွှေဆိုင်) ရတနာသိင်္ဂီဈေး မြောက်ဥက္ကလာပမြို့နယ်က အလှူငွေ ကျပ်တစ်သိန်းကို မိုးကုတ် နယ်လှည့်ဓမ္မကထိက အရှင်တိလောက(ပွင့်ဖြူ) ရှေ့မှောက်၌လှူဒါန်းရာ ဥက္ကဋ္ဌက လက်ခံယူသည်။ **(အပေါ်ပုံ)**

လှူဒါန်းနိုင်

အဆိုပါ ကျောင်းသို့ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၁၀၇၃၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်နှင့်သာယာဝတီခရိုင်၌ စာကြည့်တိုက်များ လျာထားမှုဆောင်ရွက်ပြီးစီး စာကြည့်တိုက် ရန်ပုံငွေတိုးပွားရေးနှင့် စာအုပ်စာပေလေ့လာရေးဆွေးနွေး

ပြည် ဒီဇင်ဘာ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်နှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် ဦးစီးမှူးများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၂ရက် နံနက် ၉နာရီက ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်နှင့် သာယာဝတီခရိုင် ဦးစီးအရာရှိတို့က ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်မှု ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ခိုင်မာစာကြည့်တိုက်များ အကောင်အထည်ဖော်ရန် လျာထားမှုနှင့်ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို တင်ပြရာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်က ရည်မှန်းချက်များ ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ခရိုင်ဦးစီးအရာရှိ လိုက်ပါလျက် ပေါက်ခေါင်းမြို့နယ် တာကောက်ကျေးရွာ ရွှံကြယ်စာကြည့်တိုက်၊ ဇောဓိကုန်းကျေးရွာ လပြည့်စာကြည့်တိုက်သို့လည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက်က သဲကုန်းမြို့နယ် အောင်ကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစာကြည့်တိုက်၊ ရင်းတိုက်တန်းကျေးရွာ ပညာအလင်းရောင်ခြည်စာကြည့်တိုက်၊ ပေါင်းတည်မြို့နယ် ပေါက်တန်းကျေးရွာ လမ်းပြကြယ် စာကြည့်တိုက်၊ ဖိုးသာအောင်ကုန်းကျေးရွာ အလင်းပန်း စာကြည့်တိုက်သို့လည်းကောင်း၊ ဒီဇင်ဘာ ၂၄ ရက်က ရွှေတောင်မြို့နယ် နွားခြံကုန်းကျေးရွာ သုတကွန်ယက်စာကြည့်တိုက်၊ ကျီးသဲအုပ်စု ရွာသာရွာ လေးထပ်ရောင်ခြည် စာကြည့်တိုက်၊ ပန်းတောင်းမြို့နယ် နတ်မောက်ရွာ ရှေ့ဆောင်လူငယ် စာကြည့်တိုက်နှင့် စွယ်တော်စံပြကျေးရွာ ပန်းစွယ်တော် စာကြည့်တိုက်များသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီးကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ပြည်သူများနှင့် တွေ့ဆုံကာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာအုပ်စာစောင်များ တိုးပွားရေး၊ စာကြည့်တိုက်ရန်ပုံငွေများ တိုးပွားရေးနှင့် စာအုပ်စာပေ လေ့လာဖတ်ရှုရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။**(ခရိုင် ပြန်/ဆက်)**

နိုဝင်ဘာ ၂၇ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင် ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်မည့် ရင်းတိုက်ကုန်းညောင်ပင်သာရွာ ဆက်သွယ်သည့် ကျေးလက်မြေသားလမ်း ဂဝံအဖြစ်အဆင့်မြှင့်တင်ဆောင်ရွက်ရန် ကျောက်စုဆောင်းထားမှုကို ကြည့်ရှုစစ်ဆေးရာ ခေတ္တအမှုဆောင်အရာရှိ ဦးမြင့်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

စာဖတ်ရှိန်မြှင့်တင်ရေး ဗဟုသုတများဖြန့်ဖြူး

ဂန့်ဂေါ ဒီဇင်ဘာ ၁၈

ကျေးလက်ဒေသတွင် စာဖတ်ရှိန်မြှင့်တင်ရေး ရည်မှန်းချက်အပြင် သိရှိမှတ်သားစေလိုသော အသိပညာဗဟုသုတများ ဖြန့်ဖြူးရန် ရည်ရွယ်လျက် ဂန့်ဂေါမြို့နယ် မောက်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဒီဇင်ဘာ ၁၂ရက်က စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးတို့က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းဆွေးနွေးကြသည်။ **(၂၇၃)**

အနာဂတ်လူငယ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် သုတ၊ ရသမဂ္ဂဇင်းစာအုပ်များ ပေးအပ်လှူဒါန်း

အင်းတော် ဒီဇင်ဘာ ၅

အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာ အနာဂတ်လူငယ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ၂၃ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် စာကြည့်တိုက်ကို လယ်ပြင်ရွာကျောင်းတိုက်မှ ဦးအဂ္ဂဝံသ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်ခင်မြင့်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးကျော်သီဟတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

ထို့နောက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးချစ်ဆွေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးကျော်သီဟတို့က အမှာစကားပြောကြားပြီး စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက သုတ၊ ရသမဂ္ဂဇင်းစာအုပ်များ၊ ဂျာနယ်များကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌက လက်ခံယူကြောင်း သိရသည်။ **(၁၃၃)**

နိုဝင်ဘာ ၁၈ရက်က ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

၁၃၆၉ ခုနှစ်
နတ်တော်လပြည့်ကျော်(၁၀)ရက်
၃-၁-၂၀၀၈
(ကြာသပတေးနေ့)

မြန်မာ့အသံ နားဆင်စရာ

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ဒစ်ဂျစ်တယ်ချိန်တွယ်စက်များအကြောင်း)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ပင့်ကူမျှင်အိမ်ဖွဲ့ခြင်း-မောင်ဆုရှင်)
၁၂:၃၀ အစာနှင့်အာဟာရ (လိမ္မော်သီး)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) အချစ်ဆိုတာဘာလဲ (အဲလက်စ်)
(၂) အချစ်ဆိုသည်မှာ (ထွန်းအိန္ဒြာဗို)
၁၉:၁၅ ဇာတ်လမ်းပမာ နားဆင်စရာ (အမှတ်တရနှင်းစက်များ)
၁၉:၄၀ ခေတ်မရွေးသောတေး
(၁) ချစ်သူဝေးဝေးသွားပါနဲ့လား (စန္ဒရားချစ်ဆွေ)
(၂) မင်္ဂလာသတင်း (ညွှန့်ညွှန့်စိန်)
(၃) ကိုလေးတို့မောင်းမကန် (မောင်ကြည်တိုး)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) နှစ်ရက်ရှည်ကြာသူမလာ (နိုင်နိုင်မော်)
(၂) ယုံပါရဲ့လားမောင့်သက်ထား (တင်အောင်လေး)
(၃) သူမလာပါဘူးကွယ် (ခင်ခင်)

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ နံနက် ၆ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရာဇာဓိရာဇ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိပြီး ရောင်းဝယ်ဖောက်ကားနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာမြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ **စာမျက်နှာ ၄ ကော်လံ ၁** ■

ဟံသာဝတီအခွန်လွတ်ဈေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဂေါ်ဖီထုပ်စားလျှင်ခန္ဓာကိုယ်အတွင်း အဆိပ်အတောက်များ ဖယ်ရှားနိုင်

ဂေါ်ဖီထုပ်ကို ကမ္ဘာ့နိုင်ငံအများအပြား၌ တွေ့ရသည်။ တစ်နှစ်တာ ကာလလုံးထွက်ရှိသော ဟင်းသီးဟင်းရွက်တစ်မျိုးလည်းဖြစ်သည်။ အဖြူ၊ အစိမ်းနှင့် အဝါရောင်ဖျော့ဖျော့တို့ ပေါင်းစပ်ထားသော အရောင်အဆင်းလည်းရှိသည်။

ဖယ်ရှားပေးနိုင်

ဂေါ်ဖီထုပ်၏အရသာမှာ ချိုသည်။ ဖန်သောအရသာနှင့် အနည်းငယ်ခါးသက်သော အရသာလည်းရှိသည်။ ဂေါ်ဖီထုပ်တွင် သက်စောင့်ဓာတ်များပါရှိသလို ကယ်လိုရီဓာတ်လည်း ကြွယ်ဝသည်။ ဂေါ်ဖီထုပ်ကို နေ့စဉ်ပုံမှန်စားသုံးပါက သွေးလည်ပတ်မှုအားကောင်းပြီး သွေးအတွင်း ကိုယ်လက်စထရောများပြားမှုကို လျော့နည်းကျဆင်းစေသည်။ ထို့အပြင် ခန္ဓာကိုယ်အတွင်းဇီဝဖြစ်စဉ်အရ ထွက်ပေါ်တတ်သည့် အဆိပ်အတောက်များကိုလည်း ဖယ်ရှားပေးနိုင်သည်။

ကာကွယ်ပေးနိုင်

တစ်ဖန်ဂေါ်ဖီထုပ်ကို သတ်မှတ်ချက်အတိုင်း စားသုံးပါက အူသိမ်နှင့် အစာအိမ်ရောဂါများအား ကာကွယ်ပေးနိုင်သည့်အပြင် ဆီးနှင့်ဝမ်းကို ပုံမှန်ဖြစ်စေသော အာနိသင်လည်းရှိသည်။ ဂေါ်ဖီထုပ်သည် ခန္ဓာကိုယ်အတွင်း ရေဓာတ်ခန်းခြောက်မှုကို ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

ဆောင်းလှသဲ ချမ်းသဲ
ဟားခါး
– ၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်
၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး
၄ ဒီဂရီစင်တီဂရိတ်
ပင်လောင်း
၄ ဒီဂရီစင်တီဂရိတ်

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား